မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၀၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းမှုဖြင့် သဘာဝဘေးနှင့် အဖျက်အန္တရာယ်များကို ကာကွယ်တားဆီး

ဒေသအလိုက် စားနပ်ရိက္ခာဖူလုံပိုလျှံအောင်၊ စီးပွားရေးတောင့်တင်းအောင် ကြိုးပမ်း ကုန်ထုတ်လုပ်မှုတိုးတက်ရေး ကုန်ကျစရိတ်လျှော့နည်းရေး အမြဲအလေးထား

သီးနှံများကို အရည်အသွေးရှိရှိ အဆင့်အတန်းမီမီဖြင့် ပြည်ပပို့နိုင်ရေးလုပ်ကိုင် သို့မှသာ ပြည်နယ်စီးပွားရေးသာမက နိုင်ငံတော်၏ စီးပွားရေးပါ တိုးတက်လာမည်

နေပြည်တော် ဇန်နဝါရီ ၁၂

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဇန်နဝါရီ ၉ရက် ညနေ ၅ နာရီတွင် နယ်မြေခံတပ်နယ် အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) *စာမျက်နှာ ၈ ကော်လံ ၁* ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရခိုင်ပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆွေးနွေးမှာကြားစဉ်။
(သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၃ ရက်)

မြန်မာ့ရင်သွေးငယ်များ ပိုလီယိုကင်းစင်ရေး ကာကွယ်ဆေးတိုက်လုပ်ငန်းများ ရာနှုန်းပြည့်ရန် ဝိုင်းဝန်းဆောင်ရွက်

နိုင်ငံတော်၏ အနာဂတ်မျိုးဆက်သစ်များ ကျန်းမာကြံ့ခိုင်စေရေးအတွက် တစ်မျိုးသားလုံးတက်ကြွစွာ လှုပ်ရှားဆောင်ရွက်သော လုပ်ငန်းကြီးတစ်ခုသည် အမျိုးသားကာကွယ်ဆေးတိုက်နေ့ လှုပ်ရှားမှုဖြစ်သည်။ အမျိုးသားကာကွယ်ဆေးတိုက်နေ့များကို ၁၉၉၆ခုနှစ်မှ စတင် ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံအတွင်း၌ရှိသည့် ကလေးများအား ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သောရောဂါခုနစ်မျိုးမှ ကင်းဝေးရန် ဆောင်ရွက်ရာတွင် ပိုလီယိုအကြောသေရောဂါကို အရေးကြီးသည့် ဦးစားပေးရောဂါအဖြစ် သတ်မှတ်ပြီး ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာတစ်ဝန်းလုံး ပိုလီယိုအကြောသေရောဂါ ကင်းစင်ပပျောက်ရေးအတွက် ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည်လည်း နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ဤသို့ဆောင်ရွက်ရာ၌ တစ်နှစ်အောက်ကလေးများအား ပုံမှန်ပိုလီယိုကာကွယ်ဆေးတိုက်လုပ်ငန်းဖြစ်သည့် ပိုလီယိုကာကွယ်ဆေးကို တစ်လခြားပြီး အနည်းဆုံးသုံးကြိမ် တိုက်ကျွေးခြင်း၊ မွေးကင်းစမှ အသက်ငါးနှစ်အထိ ကလေးများအား အမျိုးသားကာကွယ်ဆေးတိုက်နေ့များကျင်းပပြီး ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းနှင့် ရောဂါကူးစက်နိုင်ခြေများသည့် နေရာများ၌ အိမ်တိုင်ရာရောက်သွားရောက်၍ တစ်အိမ်တက်ဆင်း ကောက်သင်းကောက် ကာကွယ်ဆေးတိုက်ကျွေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး ပိုလီယိုရောဂါ ကူးစက်ပြန့်ပွားမှု ရှိ၊ မရှိ လတ်တလော ပျော့ခွေအကြောသေလူနာ ရှာဖွေခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ရင်သွေးငယ်များ ပိုလီယိုကင်းစင်ရေးအတွက် ပုံမှန်ပိုလီယိုကာကွယ်ဆေးတိုက်လုပ်ငန်းများကို ဝေးလံခက်ခဲသည့် ကျေးလက်ဒေသများပါမကျန် အရှိန်အဟုန်မြှင့် ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။ ဝေးလံခေါင်ဖျားသည့် ကျေးရွာများ၊ နယ်စပ်ဒေသများ၊ အထူးဒေသများ၌ရှိသည့် ရင်သွေးငယ်များ မကျန်ရှိစေရန် ဝေးလံခက်ခဲသည့် ဒေသများသို့ ရဟတ်ယာဉ်များ အကူအညီဖြင့် ဆောင်ရွက်ပေးမည် ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်၏ စေတနာကို သိရှိနားလည်ပြီး ဖေဖော်ဝါရီ ၇ရက်မှ ၉ ရက်အထိ နိုင်ငံတော်က ဒုတိယအကြိမ် တိုက်ကျွေးမည့် ပိုလီယိုကာကွယ်ဆေးကို မွေးကင်းစမှ ငါးနှစ်အထိ ၇ ဒသမ ၂၃သန်းရှိသော ကလေးတိုင်း သောက်သုံးခွင့်ရရှိစေရန် ရည်မှန်းထားပြီး လွှမ်းခြုံမှု ရာနှုန်းပြည့်ရရှိရန် တိုင်းရင်းသား ပြည်သူများကပါ ဆက်လက်ဝိုင်းဝန်း လက်တွဲဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု အင်းစိန်မြို့နယ်၌ စာပေပြိုင်ပွဲနှင့် စာပေဟောပြော

ရန်ကုန် ဇန်နဝါရီ ၁၂

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုသောအားဖြင့် အင်းစိန်မြို့နယ် ရွာမ အနောက်ရပ်ကွက်တွင် ပထမနေ့အဖြစ် ဒီဇင်ဘာ ၂၀ရက်က စာပေပြိုင်ပွဲနှင့် စာပေဟောပြောပွဲအခမ်းအနားကို ကျင်းပရာ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်းနှင့် ဆုရွေးချယ်ပွဲ၊ ဒုတိယနေ့အဖြစ် ဒီဇင်ဘာ ၂၆ရက်က ကျပန်းစကားပြော ပြိုင်ပွဲနှင့် စကားရည်လုပွဲ၊ နောက်ဆုံးနေ့အဖြစ် ဒီဇင်ဘာ ၂၇ရက်က ဆုပေးပွဲနှင့် စာပေဟောပြောပွဲကို ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် နန္ဒာသိန်းဇံ၊ ဒေါက်တာ မတင်ဝင်းနှင့် မောင်စိန်ဝင်း (ပုတီးကုန်း)တို့က စာပေရေးရာများကို ဟောပြောကြသည်။

အခမ်းအနားသို့ အင်းစိန်မြို့နယ်ဥက္ကဋ္ဌဦးအောင်ဆွေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ယုနိုင်၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းဝေ(ဒါရိုက်တာဘုန်းဝေ)၊ ရပ်ကွက်ဥက္ကဋ္ဌဦးအောင်ဇော်ဦး၊ စာပေပြိုင်ပွဲနှင့် စာပေဟောပြောပွဲဖြစ်မြောက်ရေးကော်မတီအဖွဲ့ နာယကဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)နှင့် နာယကများ၊ ဥက္ကဋ္ဌ ဦးဌေးအောင်ကျော်နှင့် ကော်မတီအဖွဲ့ဝင်များ၊ စာပေဆုရှင်များနှင့် စာပေဝါသနာရှင်များ တက်ရောက် အားပေးကြသည်။ (၁၂၇)

ပညာရေးစုံညီပွဲတော် တမူးအထက၌ကျင်းပ

တမူး ဇန်နဝါရီ ၁၂

စစ်ကိုင်းတိုင်း တမူးမြို့ အထက ကဘော်ခန်းမ၌ ဇန်နဝါရီ ၃ရက် နံနက် ၈နာရီခွဲက ပညာရေးစုံညီပွဲတော် အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင်ခရိုင်ဥက္ကဋ္ဌဦးကောင်းစံဦးက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးဦးငွေက ပညာရေးစုံညီပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ထူးချွန်ကျောင်းသားများအား ဆုများချီးမြှင့်ကြပြီး ပဒေသာကပွဲများဖြင့် ကပြဖျော်ဖြေကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

အထက(၁)ဒဂုံ အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

ယခင်မက်သဒစ် အင်္ဂလိပ်ဟိုက်စကူး(MEHS) အထက(၁)ဒဂုံကျောင်း၌ ၁၉၅၄ခုနှစ်မှ ၁၉၇၈ခုနှစ်အတွင်း ပညာသင်ပေးခဲ့ကြသည့် ဆရာကြီး ဆရာမကြီးများအား ဇန်နဝါရီ ၁၀ရက် နံနက် ၉နာရီက အထက(၁)ဒဂုံ ဒဂုံသီရိခန်းမ၌ ပူဇော်ကန်တော့ကြသည်။

အခမ်းအနား အစီအစဉ်အရ အခမ်းအနားဖွင့်လှစ်ကြောင်းကို ဦးကျော်မောင်က ကြေညာပြီး ကျောင်းသား ကျောင်းသူဟောင်းများ၏ ကိုယ်စား ပါမောက္ခ ဒေါက်တာဦးသိန်းထွဋ်က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ အထက(၁)ကျောင်းအုပ်ဆရာကြီး ဒေါက်တာ ဦးအောင်ကိုကိုက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူဟောင်းများ၏ ကိုယ်စား ကျောင်းသားဟောင်း ဦးရဲမြင့်က ကန်တော့ချိုးကို တိုင်ကြားကာ ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ကြ၍ ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူများက ကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။ **(အောက်ပုံ)** ဆက်လက်၍ ဆရာကြီး ဆရာမကြီးများကိုယ်စား ဆရာမကြီး ဒေါ်ခင်ဝင်းမေက ဆုံးမသြဝါဒစကား မြွက်ကြားခဲ့ကြောင်း သိရသည်။ (ပညာရေး)

မြဝတီရုပ်မြင်သံကြား

၁၃-၁-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၁၅ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၄၀ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅း၀၀ ၇။ မျိုးချစ်တပ်မတော်
၅း၂၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၅း၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၄။ လျှပ်တစ်ပြက်
၆း၃၅ ၁၅။ ကလေးတို့ကမ္ဘာပျော်ရွှင်စရာ
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၁၁)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ မွေးမြူသုတ
၂၁။ ဗွီစီဒီကျော်ကြားတေးများ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငါးကလေး** (အပိုင်း-၂၆)

အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်း(ပုသိမ်) အဆောက်အအုံနှင့် စက်တပ်ဆင်မှု သတ်မှတ်အရည်အသွေးပြည့်မီရန် သက်ဆိုင်ရာ ပညာရှင်အဖွဲ့များဖြင့် စနစ်တကျစစ်ဆေးကြပ်မတ်

ရန်ကုန် ဇန်နဝါရီ ၁၂

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဇန်နဝါရီ ၁၀ရက်က ဧရာဝတီတိုင်း ပုသိမ်မြို့ရှိ အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်း(ပုသိမ်) လုပ်ငန်းခွင်သို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးအား စီမံကိန်းညွှန်ကြားရေးမှူးနှင့် တည်ဆောက်ရေးတာဝန်ခံတို့က လက်ရှိဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက တည်ဆောက်လျက်ရှိသော အမှတ်(၅)ဓာတ်မြေသြဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်းကို သတ်မှတ်ကာလအတိုင်း အချိန်မီပြီးစီးရေး တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် အဆောက်အအုံအပိုင်းရော၊ စက်တပ်ဆင်မှုအပိုင်းပါ သတ်မှတ်အရည်အသွေး ပြည့်မီစေရန်အတွက် Technically စေ့စပ်သေချာစွာ သက်ဆိုင်ရာပညာရှင်အဖွဲ့များဖြင့် စနစ်တကျစစ်ဆေးကြပ်မတ်သွားရန် မှာကြားကာ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များကို အသေးစိတ်မှာကြား၍ စီမံကိန်းအတွင်း ပါဝင်ဆောင်ရွက်လုပ်ကိုင်လျက်ရှိသော တရုတ် ပညာရှင်များအား သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် စီမံကိန်းဝင်းအတွင်း တည်ဆောက်လျက်ရှိသော Control Building၊ Raw Water Pump House၊ Prilling Tower တည်ဆောက်နေမှုအခြေအနေ၊ Underground Piping System များ ဆောင်ရွက်ပြီးစီးမှု အခြေအနေ**(အပေါ်ပုံ)**နှင့် စက်ရုံစက်ပစ္စည်းများချနိုင်ရန်နှင့် စက်ရုံမှထွက်ရှိလာမည့် ဓာတ်မြေသြဇာများ တင်ပို့နိုင်ရန်အတွက် ဆောက်လုပ်နေသော Temporary Unloading Jetty တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်တွေမြို့ရှိ လောကာနန္ဒာစေတီတော်မြတ်ကြီးအား ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဖူးမြော်ကြည်ညို

နေပြည်တော် ဇန်နဝါရီ ၁၂

ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဇန်နဝါရီ ၉ရက် ညနေပိုင်းတွင် စစ်တွေမြို့ရှိ လောကာနန္ဒာစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဖူးမြော်ကြည်ညို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များ စစ်တွေမြို့ရှိ လောကာနန္ဒာစေတီတော်မြတ်ကြီးအတွင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

ကြိုဆို

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၉ရက် ညနေ ၆ နာရီ ၄၅ မိနစ်တွင် စစ်တွေမြို့ရှိ လောကာနန္ဒာစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီးတို့သည် လောကာနန္ဒာစေတီမြတ်ကြီးအတွင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်အား ပန်း၊ ရေချမ်းတို့ဖြင့် ကပ်လှူပူဇော်ဖူးမြော်ကြပြီး စေတီတော်မြတ်ကြီးအတွင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်များအား လက်ယာရစ် လှည့်လည်ကြည်ညိုကြသည်။

လှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးသည် စေတီတော်ကြီးအတွက် အလှူငွေများကို ဂေါပကအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က စေတီတော်မြတ်ကြီး၏ ပုံတော်ကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် လောကာနန္ဒာစေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ထားမှုများကို လှည့်လည်ကြည့်ရှုပြီး စေတီတော်မြတ်ကြီးမှ ပြန်လည်ထွက်ခွာခဲ့သည်။ (သတင်းစဉ်)

နှမ်းစပါး စိုက်ပျိုး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ကျိုင်းတုံမြို့နယ် ဟိုခိုကျေးရွာရှိ ဦးနမ်အိုက်၏ လယ်မြေ၌ နွေစပါးစုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကျိုင်းတုံမြို့၌ ဒေသဖွံ့ဖြိုးရေးနှင့် နွေစပါးစိုက်ပျိုးရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၉ရက် ညနေ ၃ နာရီခွဲတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လေယာဉ်ကွင်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁)က တည်ဆောက်လျက်ရှိသည့် ကျိုင်းတုံလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းသို့ရောက်ရှိပြီး ကျိုင်းတုံလေဆိပ် လေယာဉ်ရပ်နားနေရာအသစ်ပြုလုပ်နေမှု၊ လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်နေမှုများနှင့် လေယာဉ်ပြေးလမ်းထိန်းသိမ်းရေးမီးများ၊ အချက်ပြမီးများ တပ်ဆင်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

နွေစပါးစိုက်ပျိုးမှု

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ကျိုင်းတုံမြို့နယ် ရမ်းလောကျေးရွာအုပ်စု ဟိုခိုကျေးရွာရှိ ဦးနမ်အိုက်၏ လယ်မြေ၌ နွေစပါးစုပေါင်းစိုက်ပျိုးနေမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး ကောက်စိုက်ပျိုမေများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

သာယာလှပမှု

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ကျိုင်းတုံမြို့၏ စည်ပင်ဖွံ့ဖြိုးတိုးတက်မှုနှင့် မြို့ကျက်သရေဆောင် နောင်တုံကန်၏ သာယာလှပမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) ကျောင်းသား ကျောင်းသူများ ရန်ပုံငွေ လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၂

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်) နဝမအသုတ် ကျောင်းသား ကျောင်းသူများ စုပေါင်း၍ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာအသင်းသို့ အသင်းရန်ပုံငွေ လှူဒါန်းပွဲကို ယနေ့ မွန်းလွဲပိုင်းက သံသုမာလမ်းရှိ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ အသင်းတိုက် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) နဝမအသုတ် ကျောင်းသား ကျောင်းသူဟောင်းများ၏ မိတ်ဆုံစားပွဲကို ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၂၇ရက်က အင်းလျားလမ်းရှိ စိမ်းလန်းစိုပြည်ဥယျာဉ်၌ ကျင်းပခဲ့ပြီး ဘွဲ့ရ နှစ်(၃၀)ပြည့် အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ အသင်းသို့ အသင်းရန်ပုံငွေ လှူဒါန်းပွဲကို ဇန်နဝါရီ ၁၂ရက်တွင် သံသုမာလမ်းရှိ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာအသင်းတိုက်၌ကျင်းပခဲ့ခြင်းဖြစ်သည်။

အခမ်းအနားတွင် ကျောင်းသူ ကျောင်းသားဟောင်းများ ကိုယ်စား သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)မေးရိုးနှင့် ခံတွင်းဆေးပညာဌာန ပါမောက္ခဌာနမှူး ပါမောက္ခ ဒေါက်တာဆွေဆွေဝင်းက မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသိန်းထွဋ်ထံသို့ အလှူငွေကျပ်နှစ်သိန်းကို ပေးအပ်လှူဒါန်းသည်။ (သွား/ဆေးတက္ကသိုလ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၁-၂၀၀၉ (အင်္ဂါနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**ပဒုမဝတီဇာတ်**တရားတော် (ဆရာတော်အရှင်သောဘန)
၈:၀၀-၂:၀၀	နိုင်ငံခြားဝင်ငွေ ရှာဖွေနေသော လယ်ယာစိုက်ပျိုးရေးမှ ရွှံ့ကဏ္ဍများ
၈:၁၅-၂:၁၅	Sunday Talk
၉:၀၅-၃:၀၅	တေးဂီတအစီအစဉ်
၉:၁၀-၂:၁၀	ပျော်ရွှင်ကျန်းမာ သန့်စင်သောအစာ ဆုပန်ထွာ၊ ပွင့်၊ ဟဲဗီးဖြိုး (ဒါရိုက်တာ-ကြည်စိုးထွန်း)
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၃၀-၃:၃၀	ပူဇာစပူဇနေယျာနံ
၉:၅၀-၃:၅၀	တေးဂီတအစီအစဉ်
၉:၅၅-၃:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၀-၄:၀၀	Study Guide (မဟာမြကျွန်းသာသုနာပြု အကူနှင့် ဆေးဝါးကျွမ်းကျင် သင်တန်း)
၁၀:၁၅-၄:၁၅	တေးဂီတအစီအစဉ်
၁၀:၂၀-၄:၂၀	မိုးလေဝသခန့်မှန်းချက်
၁၀:၂၅-၄:၂၅	မီးအပူပေးပြုပြင်ခြင်း နည်းပညာ
၁၀:၄၀-၄:၄၀	တေးဂီတအစီအစဉ်
၁၀:၄၅-၄:၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၅-၄:၅၅	စားချင်စဖွယ် နည်းအသွယ်သွယ်
၁၁:၁၅-၅:၁၅	တေးဂီတအစီအစဉ်
၁၁:၂၀-၅:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၅-၅:၂၅	မြန်မာ့လက်မှု ယွန်းအနုပညာ
၁၁:၄၅-၅:၄၅	လှုပ်ရှားစုံစုံ မြန်မာ့သုခမဇာတ်ခုံ (မဟာရန်ကုန်စံပြသဘင်) (အပိုင်း-၂)
၁၂:၀၀-၆:၀၀	ကူးစက်မဟုတ်သောရောဂါများ ကာကွယ်ထိန်းသိမ်းရေး (ပါမောက္ခဒေါက်တာခင်မေစန်း၊ ပါမောက္ခ ဒေါက်တာတင့်ဆွေလတ်၊ တွဲဖက်ပါမောက္ခ ဒေါက်တာစိုးဦးမောင်)
၁၂:၂၅-၆:၂၅	တေးဂီတအစီအစဉ်
၁၂:၃၀-၆:၃၀	Music Gallery (မေရွက်ဝါ-ချစ်သောကမ္ဘာသို့)
၁၂:၅၀-၆:၅၀	အဏုဇီဝတွင်းထွက်ရတနာ
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၃၀	Bristol City-Portsmouth	STAR SPORTS (Live)

ဘဂ္ဂဒက်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား၊ ရှစ်ဦးသေဆုံး အရှေ့အလယ်ပိုင်းဒေသအခြေအနေ မတည်မငြိမ်ဖြစ်နေ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဇန်နဝါရီ ၁၂ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အရပ်သားရှစ်ဦး သေဆုံးပြီး ၁၂ဦးခန့်ဒဏ်ရာရရှိခဲ့ရာ လာမည့် မေလ ၃၁ရက်၌ အီရတ်မှ ဗြိတိသျှတပ်ဖွဲ့ဝင်များရုပ်သိမ်းရေးကို ပိုမိုသေချာသွားစေခဲ့သည်။

စိန်ခေါ်မှု

အီရတ်တွင် ဗုံးခွဲတိုက်ခိုက်မှုများ ပြန်လည်ဖြစ်ပွားလာရာ ဗြိတိသျှတပ်ဖွဲ့ဝင်များအတွက် အန္တရာယ်ကြီးမားသော စိန်ခေါ်မှုများ ဖြစ်ပေါ်လာသဖြင့် ယခင်က သတ်မှတ်ထားသော မေ ၃၁ရက်နောက်ဆုံးထားပြီး တပ်ဖွဲ့ဝင်များ ရုပ်သိမ်းထားမှုကို ပြောင်းလဲမည် မဟုတ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွင်ဘရောင်းက ပြောကြားသည်။

အီရတ်အရေး၊ အစ္စရေးနှင့် ပါလက်စတိုင်းတို့အရေးကိစ္စများနှင့် ပတ်သက်ပြီး အရွေးချယ်ခံ အမေရိကန်သမ္မတ ဘားရက် အိုဘားမားက မူဝါဒအသစ်တစ်ရပ် ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ရှာဖွေ

ထို့အပြင် အီရန်နိုင်ငံ၏ နျူကလီးယားပြဿနာနှင့်ပတ်သက်ပြီး နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားမည်ဖြစ်ကြောင်း အိုဘားမားက ပြောကြားသည်။

အရှေ့အလယ်ပိုင်းဒေသတွင် အစ္စရေးနှင့် ပါလက်စတိုင်းအရေးကိစ္စမှာ ရှေ့တန်းရောက်လာလျက်ရှိရာ အစ္စရေးတို့ ဂါဇာကမ်းမြောင်ဒေသအတွင်း တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်။ အစ္စရေးတို့က ဟားမတ်စ်လက်နက်ကိုင်များ ပစ်ခတ်မှုမရပ်မချင်း ဆက်လက်တိုက်ခိုက်မည်ဟု ပြောကြားခဲ့သည်။ **(အင်တာနက်)**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့အရှေ့မြောက်ဘက် ဟွာချွန်ဒေသရှိ ရေခဲမြစ်အတွင်း၌ ကျင်းများတူးကာ ထရောက်ငါးပုံ ဖော်နေကြသော လူများကို ဇန်နဝါရီ ၁၁ရက်က တွေ့ရစဉ်။ (ယင်းနိုင်ငံတွင် နှစ်စဉ်ကျင်းပသော ရေခဲပွဲတော်သည် သီတင်းပတ်သုံးပတ်ခန့် ကြာမြင့်သည်။ ယင်းပွဲတော်တွင် လူပေါင်း တစ်သန်းကျော် ပါဝင်ဆင်နွှဲကြသည်။) **(အင်တာနက်ဓာတ်ပုံ)**

ဂါဇာကမ်းမြောင်တွင် အစ္စရေးထိုးစစ် ၁၇ရက်အတွင်း သေဆုံးသူပေါင်း ၉၁၇ဦးအထိရှိ

ဂါဇာ ဇန်နဝါရီ ၁၂

ဂါဇာကမ်းမြောင်အတွင်း အစ္စရေး၏လေကြောင်းနှင့် မြေပြင်စစ်ဆင်ရေး ၁၇ရက်တာ ကာလတွင် အစ္စရေးလေယာဉ်များနှင့် သံချပ်ကာ ကားများက ဇန်နဝါရီ ၁၀ ရက်ည၌ အရှိန်မြှင့်တိုက်ခိုက်ကြောင်း၊ ယင်းသို့ ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် သေဆုံးသူစုစုပေါင်း ၉၁၇ဦးအထိရှိကြောင်း မျက်မြင်တွေ့ရှိသူများနှင့် ဆေးဝန်ထမ်းများက ပြောကြားသည်။

ဂါဇာကမ်းမြောင်ရှိ နေအိမ်အပျက်အစီးများအောက်မှ လူသေအလောင်း ၁၅လောင်းကို ဆွဲထုတ်ရယူပြီးနောက် သေဆုံးသူ စုစုပေါင်း ၉၁၇ဦးအထိရှိသွားပြီဟု ဂါဇာအရေးပေါ် ကူညီရေးအဖွဲ့ အကြီးအကဲ ဟက်ဆန်နီနိက သတင်းထောက်များအား ပြောကြားသည်။ ဒဏ်ရာရသူပေါင်း ၄၀၀၀ ကျော်ရှိသွားပြီဟုလည်း ၄င်းက ထည့်သွင်းပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရတ်မြောက်ပိုင်း၌ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၂

အီရတ်နိုင်ငံမြောက်ပိုင်း ဆာလာဟူဒင်ပြည်နယ်တွင် ဇန်နဝါရီ ၁၀ ရက်က အီရတ်တပ်ဖွဲ့ဝင်များ၏ ကင်းလှည့်ကားကို ပစ်မှတ်ထားတိုက်ခိုက်သော ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် အီရတ်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ဇန်နဝါရီ ၁၁ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

အဆိုပါ ဗုံးဖောက်ခွဲ တိုက်ခိုက်မှုသည် ဆာလာဟူဒင်ပြည်နယ်၏ မြို့တော် တီကရစ် ၏အရှေ့ဘက် ၅၅ မိုင်အကွာရှိ တတ်ဇ်ခူရာမာတိုမြို့အနီး မွန်းမတည့်မီ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အမည်မဖော်လိုသော အီရတ်လုံခြုံရေးသတင်းရပ်ကွက်က ထုတ်ဖော်ပြောကြားခဲ့သည်။

သေဆုံး

ယခုဖြစ်ရပ်သည် ဒီယာလာပြည်နယ် ကယ်ကွတ်မြို့နှင့် ဆာလာဟူဒင်ပြည်များ၌ စုစုပေါင်း အီရတ်တပ်ဖွဲ့ဝင် ကိုးဦးသေဆုံးခဲ့ပြီး ရက်အနည်းငယ်အကြာတွင် ထပ်မံဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဖြစ်ပွား

ပေါက်ကွဲမှုများ၊ ဝရန်းသုန်းကားပစ်ခတ်သောင်းကျန်းမှုများသည် စစ်ကြောင့် ဖွတ်ဖွတ်ညက်ညက်ကြေနေသော အီရတ်နိုင်ငံတစ်ဝန်းတွင် ဖြစ်ပွားနေပြီး အချို့ဒေသများတွင် နေ့စဉ်နှင့်အမျှ ဆိုသကဲ့သို့ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

ရှားပါး အနီရောင်စိန်ကြီး လော့စ်အိန်ဂျလိစ်ပြတိုက်၌ ပြသ

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၁၂

နာဇီတို့တစ်ချိန်က ခိုးယူသွားသော သွေးနီရောင်စိန်ကြီးကို လော့စ်အိန်ဂျလိစ်ပြတိုက်၌ လောလောဆယ် ပြသထားသည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

ငြင်းဆို

အဆိုပါ မြို့လယ်ပြတိုက်တွင် ဖေဖော်ဝါရီ ၁ရက်အထိ ပြသထားမည်ဖြစ်သည်။ ၂၀၀၇ ခုနှစ်က အရှေ့ဖျားဒေသ၌ အမျိုးသမီးထံမှ ဝယ်ယူခဲ့သည့် အဆိုပါစိန်မှာ ငါးကာရက်ရှိပြီး ကမ္ဘာပေါ်၌ ထိုအရွယ်အစားရှိ အမျိုးအစားတူ စိန်သုံးလုံးသာရှိသည့် အနက် တစ်လုံးဖြစ်ကြောင်း၊ အနီရောင်စိန်မှာလည်း ရှားရှားပါးပါးတွေ့ခဲကြောင်း ပိုင်ရှင် လက်ဝတ်ရတနာ ကုမ္ပဏီအကြီးအကဲ ဒေါက်ကလပ် ကာဇနေကျင်ကရှင်းပြသည်။ ယင်းစိန်၏ တန်ဖိုးဖြတ်ရန်ကိုမူ ပိုင်ရှင်ဖြစ်သူက ငြင်းဆိုခဲ့သည်။ အမ်အင်န်အေ၊ဆင်ဟွာ

ဗုံးခွဲတိုက်ခိုက်

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်ကောင်တွင် ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ရဲတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာဖြင့် မြေပြင်တွင် လဲကျနေသည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကြက်ငှက်တုပ်ကွေး ရောဂါဖြစ်မှု ပေကျင်းမြို့တွင် မတွေ့ရ

ပေကျင်း ဇန်နဝါရီ ၁၂

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ဇန်နဝါရီ ၉ ရက်က တစ်အိမ်တက်ဆင်း လူကိုကူးစက်သည့် ကြက်ငှက်တုပ်ကွေးရောဂါ လက္ခဏာများ လေ့လာဆန်းစစ်ကြည့်ရာတွင် ထိုသို့သော ရောဂါလက္ခဏာ မတွေ့ရကြောင်း မြူနီစီပယ်ကျန်းမာရေးဌာနက ဇန်နဝါရီ ၁၀ရက်တွင် ထုတ်ပြန်ကြေညာသည်။

တွေ့ရှိရ

အိမ်ထောင်စု ၈၂၉၈၇ စု၊ လူဦးရေ ၃၃၁၉၅၁ ဦးအား ကွင်းဆင်းစစ်ဆေးရာတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်စ်ပိုး မတွေ့ရဘဲ သာမန်တုပ်ကွေးရောဂါဖြစ်သူ ၁၉၈၄ ဦးကိုသာ တွေ့ရှိရသည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း လျှောင်နင်းပြည်နယ်၏ မြို့တော် ရှင်းယန်မြို့တွင် ကျင်းပလျက်ရှိသော ၂၀၀၉ ခုနှစ် နိုင်ငံတကာ ရေခဲနှင့် နှင်းပန်းပုပွဲတော်တွင် ကမ္ဘာလှည့်ခရီးသည်များ ပါဝင်ဆင်နွှဲနေကြသည်ကို ဇန်နဝါရီ ၁၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)



အမေရိကန်နိုင်ငံ လက်ဗီးဂက်စ်မြို့၌ ကျင်းပသော အီလက်ထရွန်နစ်ပြပွဲ၌ စာအိတ်အရွယ်အစားရှိ လက်ကိုင်ဖုန်းတစ်လုံး ပြသထားသည်ကို ဇန်နဝါရီ ၁၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

၂၀၀၉ခုနှစ် ရုပ်ရှင်ရွှေကမ္ဘာလုံးဆုများ ချီးမြှင့်

ဒါရိုက်တာဆု ဒန်နီဘွိုင်လီ၊ သရုပ်ဆောင်ဆု ရုကေနှင့် ကိတ်ဝင်းစလက်တို့ရရှိ

အနုပညာသတင်းမှတ်စု–မိုးမြင့်လင်းလက် — စာမျက်နှာဖွဲ့စည်းမှု–သောင်းရွှေ (မြန်မာ့အလင်း)

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၁၂

၂၀၀၉ ခုနှစ် ရုပ်ရှင်ရွှေကမ္ဘာလုံးဆု ချီးမြှင့်ပွဲကို အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ ဇန်နဝါရီ ၁၁ရက်က ကျင်းပခဲ့ရာ ဆုချီးမြှင့်ပွဲမတိုင်မီက ရေပန်းစားနေခဲ့သော ''Slumdog Millionaire'' ရုပ်ရှင်က အကောင်းဆုံး ဒရာမာရုပ်ရှင်ဇာတ်ကားဆု ရရှိခဲ့သည်။

ဒါရိုက်တာဆုရ ဒန်နီဘွိုင်လီ

ထို့အပြင် တေးဂီတဆိုင်ရာ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုကို ''Vicky Cristina Barcelona ဇာတ်ကားက ရရှိခဲ့သည်။ တစ်ဖန် အကောင်းဆုံးဒါရိုက်တာဆုကို ''Slumdog Millionaire'' ရုပ်ရှင်ဇာတ်ကားရိုက်ကူးသည့် ဒါရိုက်တာ ဒန်နီဘွိုင်လီက ဆွတ်ခူးရရှိခဲ့သည်။

ရုကေ

အမျိုးသားသရုပ်ဆောင်

ထို့အတူ အကောင်းဆုံး အမျိုးသားသရုပ်ဆောင် (ဒရာမာ) ဆုအတွက် ''The Wrestler'' ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် မစ်ကီရုကေက ဆွတ်ခူးရရှိခဲ့ပြီး အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင် (ဒရာမာ)ဆုကို ''Revolutionary Road'' ဇာတ်ကားတွင် ပါဝင် သရုပ်ဆောင်ခဲ့သည့် ကိတ်ဝင်းစလက်က ဆွတ်ခူးရရှိခဲ့သည်။

ဆုနှစ်ဆုရ ကိတ်ဝင်းစလက်

တစ်ဖန် အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆု (တေးဂီတဆိုင်ရာ) အတွက် ''In Bruges'' ရုပ်ရှင်ဇာတ်ကားမှ Colin Farrell ကဆွတ်ခူးရရှိပြီး အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆု (တေးဂီတဆိုင်ရာ) အတွက် ''Happy- Go-Lucky'' ရုပ်ရှင်ဇာတ်ကားမှ ဆယ်လီဟောကင်စ်က ဆွတ်ခူးရရှိသွားသည်။

အမျိုးသားဇာတ်ပို့ဆု

အကောင်းဆုံး အမျိုးသား ဇာတ်ပို့ဆုကို Heath Ledger က ရရှိပြီး အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုကို ကိတ်ဝင်းစလက်က ဆွတ်ခူးရရှိခဲ့သည်။ ကိတ်ဝင်းစလက်မှာ အကောင်းဆုံး အမျိုးသမီး သရုပ်ဆောင်ဆုလည်း ရရှိခဲ့သဖြင့် ဆုနှစ်ဆု ရရှိခဲ့ခြင်းဖြစ်သည်။

ထို့အတူ အကောင်းဆုံး နိုင်ငံခြားစကားပြော ရုပ်ရှင်ဇာတ်ကားဆုကို ''Waltz With Bashir'' က ရရှိခဲ့ပြီး စိတ်ဝင်စားမှု အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုကို''Wall-E''ရုပ်ရှင်ဇာတ်ကားက ရရှိခဲ့ကြောင်း သိရသည်။ ။

ကိုးကား–အင်တာနက်

မြန်မာနယူးစ်ဝိခ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၂

''မြန်မာဗုဒ္ဓဘာသာဝင်များ သေတမ်းစာ (Will)ရေးခွင့်ရှိသလောနှင့် မိသားစုစီမံမှုပြုခြင်း''သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ ၂၊ အမှတ် ၆၀ ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ယနေ့ ဖြန့်ချိလိုက်သည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်တွင် ကိုရီးယားနိုင်ငံမှ မြန်မာကျောင်းသား ငါးဦးအား ပညာသင်ဆုချီးမြှင့်မည်၊ ထိုင်းနိုင်ငံရှိ နိုင်ငံခြားအလုပ်သမားများ လုပ်ကိုင်ခွင့်သက်တမ်း တစ်နှစ်ထပ်မံတိုးမည်၊ မြန်မာကလေးငယ် ခုနစ်သန်းကျော် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး၊ GSM SIM Card များအား ဈေးတင်ရောင်းသောဆိုင်များအား ဥပဒေနှင့်အညီ အရေးယူထား၊ ထိုင်းနိုင်ငံ ဗန်ကောက်ညကလပ်မီးလောင်မှုတွင် သေဆုံးသွားသော နိုင်ငံခြားသားများထဲတွင် မြန်မာတစ်ဦးပါဝင်ဟုဆို၊ သူ့ရဲ့အချစ်ရေးက ကောလာဟလသတင်းပါလို့ပြောတဲ့ ဝတ်မှုန်ရွှေရည်၊ ပင်လယ်ကူးသင်္ဘောကြီးတွေကို ဆီရောင်းပြီး အကြံအဖန်လုပ်တတ်ရင် မင်းသမီးတောင် ယူလို့ရတယ်၊ အင်တာနက်အချစ်နဲ့ လူပျိုဘဝကို စွန့်လွှတ်ခဲ့တဲ့ သားစိုးရဲ့ စေ့စပ်ပွဲ၊ မျှော်စင်ကျွန်းမှာ ကျင်းပတဲ့ ရဲလေးရဲ့ ငွေရတုမွေးနေ့မင်္ဂလာ၊ ၂၀၀၇ခုနှစ် ရုပ်ရှင်ထူးချွန်ဆု အတွက် နာမည်ကြီးနေသူများ၊ မြစ်ဝကျွန်းပေါ်ဒေသ ဌာနခွဲမှ သင်္ဘောများခေါက်ရေ ပိုမိုတိုးမြှင့်ပြေးဆွဲ၊ ကျွန်းလှမြို့နယ်ရှိ မော်တယ်ရေနံမော်၏ အခြေအနေ၊ **'နွဲ့ဆိုးဆိုးသူ ကိုယ့်ချစ်သူ'** ကိုရီးယားဇာတ်လမ်းတွဲ၊ အပူလွှန်ကဲမှုမရှိနိုင်သည့် နွေအအေးမပို၊ အအေးမပါသည့် ၂၀၀၉ခုနှစ်၏ ဆောင်းနှင့်နွေရာသီကာလများကို ဒေါက်တာ ထွန်းလွင်မှ ကြိုတင်သုံးသပ်ပြောဆို၊ ရုရှားတို့က လာမည့် သုံးနှစ်အတွင်း ချူကလီးယား အစင်း၇၀ပြုလုပ်ရန် စီစဉ်ထားဟုဆို၊ စစ်ပွဲက ဂါဇာထက် ပိုမိုကျော်လွန်သွားနိုင်ကြောင်း အစ္စရေးအား ရုရှားသတိပေး၊ အစ္စရေးနှင့် ပါလက်စတိုင်းတို့ တိုက်ခိုက်ရာတွင် အနိုင်ရသူက အီရန်သာဖြစ်၊ အစ္စရေးနိုင်ငံ ဆက်လက်ရှင်သန်နိုင်မလား၊ ကုလသမဂ္ဂ ဆုံးဖြတ်ချက်ကို ဆန့်ကျင်လျက် အစ္စရေးက ဆက်လက်တိုက်ခိုက်မည် စသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပ သတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည်ဟု သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း — နိုင်ငံတကာ ထူးခြားဖြစ်စဉ်

ငါးမန်းအန္တရာယ်မှ ညီမအသက်ကယ်ခဲ့သူ သြစတြေးလျနိုင်ငံသားတစ်ဦး

ဆစ်ဒနီ ဇန်နဝါရီ ၁၂

သြစတြေးလျနိုင်ငံမှ ရေလွှာလျှောစီးသူ ဆစ်မန်ဒီ အသက်(၂၀)က ငါးမန်းလက်ထဲမှ ညီမဝမ်းကွဲတော်သူ ဟန်နာမစ်ဟောအား ကယ်ဆယ်လိုက်နိုင်ကြောင်း သြစတြေးလျသတင်းစာများက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

နှစ်ကြိမ်တိုင်ဆွဲယူ

သြစတြေးလျနိုင်ငံတောင်ပိုင်း တပ်စမေးနီးယားကျွန်းကမ်းလွန်တွင် ရေလွှာလျှောစီးနေကြစဉ် ငါးမီတာရှည်သည့် ငါးမန်းတစ်ကောင်က ဟန်နာမစ်ဟော၏ ခြေထောက်ကိုခဲပြီး ရေအောက်သို့ နှစ်ကြိမ်တိုင်ဆွဲယူသွားသည့်အတွက် အစ်ကိုဖြစ်သူက ရေထဲ၌ ကိုယ်ဖော့ပြီး ငါးမန်းဦးခေါင်းကို လက်သီးဖြင့်ထိုးကာ ထိုအန္တရာယ်မှ လွတ်အောင် ကမ်းစပ်သို့ ပြန်လာခဲ့ကြသည်ဆို၏။

အမ်အင်န်အေ၊ရိုက်တာ

ကျေးရွာဒေသဖွံ့ဖြိုးရေး ပြင်ဦးလွင်၌ ဆောင်ရွက်

ပြင်ဦးလွင် ဇန်နဝါရီ ၁၂

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ဥက္ကဋ္ဌဦးအေးလွင် ဦးဆောင်သော ဌာနဆိုင်ရာများ ဒီဇင်ဘာ ၂၇ရက်က အမှတ်(၄)နယ်မြေ ကျေးရွာအုပ်စုများ၌ ကျေးရွာဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ကြသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအေးလွင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသက်နိုင်အောင်နှင့် ဌာနဆိုင်ရာအဖွဲ့ဝင်များသည် ကျွဲနားဒေါင့်တိုးကြီးကုန်းထောင်ကျွန်းကျေးရွာအုပ်စုများ၌ ကျေးရွာချင်းဆက်လမ်းတံတားများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်းများနှင့်ကျေးရွာပြည်သူများ ရေကောင်းရေသန့်ရရှိရေး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(၀၈၈)**

နယူးဇီလန်မှ ရေလွှာလျှောစီးသူ အသားစား ဝေလငါးများနှင့်ပက်ပင်းတိုးခဲ့

ဝယ်လင်တန် ဇန်နဝါရီ ၁၂

နယူးဇီလန်နိုင်ငံမှ ခရိတ်ဟန်တာဆိုသူသည် စနေနေ့က မြောက်ကျွန်းကမ်းလွန်တွင် ရေလွှာလျှောစီးနေစဉ် အဖြူနှင့်အနက်ရောင် အသားစားဝေလငါး သုံးကောင်နှင့် ပက်ပင်းတိုးခဲ့သည်ဆို၏။

ရေလှိုင်းများအခြေအနေမှာ အဆိုပါသတ္တဝါများက ၎င်းအား အန္တရာယ်ပြုရန် အခွင့်သာလျက်ရှိသည်။ သူသည် ထိုဒေသတွင် ရေလွှာလျှောစီးခဲ့သည်မှာ နှစ်ပေါင်း ၅၀မျှကြာပြီဆို၏။ သာမန်အားဖြင့် စိုးရိမ်စရာမဟုတ်သော်လည်း အသက်အရွယ်ကြီးလာပြီမို့ စိတ်မချရသည့် အခြေအနေသို့ ဆိုက်လာပြီဟုဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

ဖိတ်ခေါ်ရွက်လှေပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်

မြန်မာအားကစားသမားများ မလေးရှားသို့ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၁၂

မလေးရှားနိုင်ငံ လန်ကာဝီကျွန်းတွင် ဇန်နဝါရီ၁၂ရက်မှ ၁၈ရက်အထိ ကျင်းပမည့် Malaysia National Ranking Championship Lankawi ဖိတ်ခေါ်ရွက်လှေပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာနိုင်ငံမှ Optimist Sailor ၁၀ဦးသည် ဇန်နဝါရီ ၁၀ရက်က မလေးရှားလေကြောင်းဖြင့် ထွက်ခွာသွားကြောင်း၊ ပြိုင်ပွဲဝင်အားကစားသမားများမှာ မောင်သူရိန်ထွန်းဦး၊ မောင်နန္ဒကျော်၊ မောင်ကျော်လင်းထွဋ်၊ မောင်မင်းသိုက်ဝန်းနွန်၊ မောင်မိုးခန့်သာဒင်လှမြင့်၊ မောင်သူရိန်၊ မကေရီကျော်၊ မဝေပွင့်ဝါဘိုး၊ မသီရိရဲဝင်း နှင့် မလင်းလက်ဟေသီတို့ဖြစ်ပြီး အုပ်ချုပ်သူအဖြစ် ဦးမင်းစိန်၊ နည်းပြများအဖြစ် ဦးအောင်မြင်သူနှင့် ဦးစိုင်းပြည့်စုံဟိန်းတို့ ဦးဆောင်လိုက်ပါသွားကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

မြန်မာ့အလင်း — မိုးလေဝသ ခန့်မှန်းချက် — သန်းသန်းန ကိုးကားတင်ပြသည်

ဟားခါး၊ လွိုင်လင်၊ နမ့်စန်မြို့များတွင် အေးမြဲအေးနေ မွန်-တနင်္သာရီ ကမ်းရိုးတန်းနှင့်ကမ်းလွန်ပင်လယ်တို့၌ လှိုင်းကြီးနိုင်

ရန်ကုန် ဇန်နဝါရီ ၁၂

ဇန်နဝါရီ ၁၃ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်ဖြစ်သည်။

ဇန်နဝါရီ ၁၃ရက် **(ယနေ့)** နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်ဖြစ်သည်။

ဇန်နဝါရီ ၁၂ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေဖော်ပြရလျှင် ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်၊ မွန်ပြည်နယ်နှင့်ရန်ကုန်တိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်၊ တနင်္သာရီတိုင်းတွင်ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၈ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး၊ ကယားပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၄ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်မှာ ဟားခါးမြို့နှင့် လွိုင်လင်မြို့တို့တွင် ၀ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၌ ၃ဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်းမြို့တွင် ၄ဒီဂရီစင်တီဂရိတ်တို့ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

လှိုင်းကြီးနိုင်

မြန်မာ့ပင်လယ်ပြင်တွင် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား - မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

ဥတုရာသီ တောကိုမှီ၏

ပဲခူးမြို့ မော်ကန်(၇)လမ်းနှင့် ပုဏ္ဏားစုလမ်းမ ကတ္တရာလမ်းသစ်ဖွင့်ပွဲ

တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၁၂

ပဲခူးမြို့ မော်ကန်(၇)လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၂၇ရက် နံနက် ၇နာရီခွဲက အဆိုပါလမ်းထိပ်မုခ်ဦး၌ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း တက်ရောက်အားပေးပြီး ကတ္တရာလမ်းသစ်ကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ မော်ကန်(၇)လမ်းမှာ အရှည်ပေ ၁၂၅၀၊ အကျယ် ၁၂ပေရှိပြီး ကတ္တရာခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူလူထုထည့်ဝင်ငွေကျပ် ၁၅၂ သိန်းကျော် အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

တက်ရောက်အားပေး

ထို့မှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပဲခူးမြို့ ပုဏ္ဏားစုလမ်းမ ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်အားပေးကြသည်။ **(အပေါ်ပုံ)**

အကုန်အကျ

အဆိုပါပုဏ္ဏားစုလမ်းမမှာ အရှည်ပေ ၂၀၀၀၊ အကျယ် ၁၂ပေရှိပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူလူထုထည့်ဝင်ငွေကျပ် ၂၁၉သိန်းကျော် အကုန်အကျခံကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက် (၅) ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။

၂။ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အားနှောင့်ယှက် ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး။

၄။ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက် ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရေး။

၅။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

စီးပွားရေးတက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ် စီးပွားရေးဝိဇ္ဇာဘွဲ့ရ အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်တက္ကသိုလ်၏ ၁၉၆၄-၁၉၆၅ ခုနှစ်နှင့် စီးပွားရေးတက္ကသိုလ်၏ ၁၉၆၆ ခုနှစ်တွင် ဝါဏိဇ္ဇဘွဲ့ရရှိသူများ၊ ရန်ကုန်ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်၏ စီးပွားရေး ဝိဇ္ဇာဘွဲ့ရကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၀ရက် နံနက် ၈နာရီခွဲတွင် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန (I.B.C) ခြောက်မိုင်ခွဲ ပြည်လမ်း ရန်ကုန်မြို့၌ ကျင်းပရာ အာစရိယပူဇော်ပွဲ ကျင်းပရခြင်း အကြောင်းကို ဦးသောင်းတင်က ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဆရာ ဆရာမကြီးများကိုယ်စား ဒေါက်တာခင်မောင်ကြွယ်က သြဝါဒစကား ပြောကြားခဲ့သည်။ ထို့နောက် ကန်တော့ကြိုးကို ကျောင်းသားဟောင်း ဦးမောင်မောင်ထိပ်က တိုင်ပေးပြီး ကျောင်းသား ကျောင်းသူဟောင်းများက စုပေါင်း ကန်တော့ကြကာ **(အပေါ်ပုံ)** လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။ ယင်းနောက် ကျောင်းသားဟောင်း ဦးမောင်မောင်ထိပ်က ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းတို့ကို မိတ်ဆက်ပေးပြီး နေ့လယ်စာဖြင့် ဧည့်ခံ ကျွေးမွေးခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အင်းစိန် တီမွေးကုတက္ကသိုလ်(၁၉၇၁-၁၉၇၇)

အာစရိယပူဇော်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန် အင်းစိန် တိမွေးကုတက္ကသိုလ် (၁၉၇၁-၁၉၇၇) စာသင်နှစ်အတွင်း ပညာဆည်းပူးခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဇန်နဝါရီ ၄ရက် နံနက်

၁၀ နာရီက ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်း မြန်မာ့စက်မှုဆိပ်ကမ်းရှေ့ Western Park Ruby Restaurant တွင် ကျင်းပသည်။

အလှူငွေပေးအပ်

အခမ်းအနားအစီအစဉ်အရ ဒေါက်တာနန်းခင်မေဖူး၊ ဒေါက်တာစိုးဝင်းတို့က အခမ်းအနားဖွင့်လှစ်ပေးပြီး ကျောင်းသား ကျောင်းသူဟောင်းများက ဆရာကြီး ဆရာမကြီးများအား ကန်တော့လက်ဆောင်ပစ္စည်းနှင့် အလှူငွေများပေးအပ်ကြသည်။ (ဝဲပုံ)

ရှင်းလင်းဖတ်ကြား

ဆက်လက်၍ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများ၏ကိုယ်စား အငြိမ်းစား ပါမောက္ခချုပ် ဦးမောင်မောင်စက ဆုံးမသြဝါဒစကား မြွက်ကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူဟောင်းများ ကိုယ်စား ဒေါက်တာပြည့်စုံက ကျေးဇူးတင် စကားပြောကြားကာ ဒေါက်တာမျိုးတင့်က ငွေစာရင်းရှင်းတမ်းနှင့် လူမှုရေးဆောင်ရွက်ချက်များကို ရှင်းလင်းဖတ်ကြားသည်။

(မြန်မာ့အလင်း)

မီးငြှိမ်းသတ်မှု သရုပ်ပြဆောင်ရွက်

ရွှေကူ ဇန်နဝါရီ ၁၂

ရွှေကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးအတွင်း မီးဘေး ကြိုတင်ကာကွယ်မှုအနေဖြင့် မီးငြိမ်းသတ်မှု သရုပ်ပြပွဲကို ဒီဇင်ဘာ ၁၀ ရက်တွင် ဈေးထောင့် ဗိုလ်ချုပ်လမ်းဆုံ၌ ပြုလုပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်ဝင်း၊ အမှုဆောင်အရာရှိ ဦးခင်အောင်နီနှင့် မြို့နယ် မီးသတ်တာဝန်ခံ ဦးချစ်မောင် အပါအဝင် အင်အား ၁၀ဦး၊ ဈေးမီးသတ်အင်အား ၁၀ဦးနှင့် ဈေးမိဈေးဖတို့ဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

လက်တွေ့ပြုလုပ်

မြန်မာသီဟကုမ္ပဏီထုတ် Dry Chemical Powder မီးသတ်ဆေးဘူးများ၏ စွမ်းရည်ရှင်းလင်းပြသခြင်း အခမ်းအနားတွင် မီးသတ်ဆေးဘူးများဖြင့် မီးငြှိမ်းသတ်ခြင်းကို လက်တွေ့ပြုလုပ်စဉ်။

(သတင်းစဉ်)

မြန်မာသီဟကုမ္ပဏီမှ မီးသတ်ဆေးဘူးများ လက်တွေ့အသုံးပြုပုံ သရုပ်ပြရှင်းလင်း

ရန်ကုန် ဇန်နဝါရီ ၁၂

မီးဘေးအန္တရာယ်ကင်းဝေးစေရန်နှင့် မီးလောင်မှုဖြစ်ပွားပါက အလွယ်တကူငြိမ်းသတ်နိုင်စေရန် ခေတ်မီနည်းပညာများဖြင့် ထုတ်လုပ်ထားသော မြန်မာသီဟကုမ္ပဏီထုတ် Dry Chemical Powder မီးသတ်ဆေးဘူးများ၏ စွမ်းရည်ရှင်းလင်းပြသခြင်း အခမ်းအနားကို ဇန်နဝါရီ ၉ရက် နံနက်ပိုင်းက ရန်ကုန်မြို့ (၃၂၆/၃၂၈) ၂၄လမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ ကုမ္ပဏီရုံးခန်း၌ကျင်းပရာ အခမ်းအနားသို့ ဌာနဆိုင်ရာ အသီးသီးမှ ဖိတ်ကြားထားသူများ၊ လုပ်ငန်းရှင်များနှင့် အရောင်းကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာသီဟကုမ္ပဏီမှ ပညာရှင်တစ်ဦးက မီးသတ်ဆေးဘူးများ၏ လောင်ကျွမ်းသည့် နည်းအမျိုးအစားအလိုက် မီးငြိမ်းသတ် အသုံးပြုပုံများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများ၏ မေးမြန်းသည်များကို ပြန်လည်ဖြေကြားသည်။ အခမ်းအနားအပြီးတွင် မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်ခြင်းကို လက်တွေ့ပြုလုပ်ပြသသည်။

မြန်မာသီဟကုမ္ပဏီသည် A(သာမန်)၊ B(စက်သုံးဆီ၊ လောင်စာဆီ)၊ C (ဂက်စ်ဓာတ်ငွေ့)၊E(ဝိုင်ယာရှော့ခ်)ဟူသော ABCE အမျိုးအစားများကို ငြိမ်းသတ်နိုင်သည့် Rain Flowerနှင့် Fire Man အမှတ်တံဆိပ် မီးသတ်ဆေးဘူးများကို ရောင်းချလျက်ရှိပြီး မော်တော်ယာဉ်သုံး၊ အိမ်သုံး၊ လုပ်ငန်းသုံး၊ စက်ရုံသုံး လက်ဆွဲ မီးသတ်ဆေးဘူးများနှင့် တွန်းလှည်းမီးသတ်ဆေးဘူးများ၊ အလိုအလျောက်မီးငြိမ်းသတ်နိုင်သော မီးသတ်ဆေးဘူးများနှင့် မီးသတ်ကိရိယာများ၊ အမှတ်(၂)စက်မှု ဝန်ကြီးဌာနနှင့် ပူးပေါင်းထုတ်လုပ်ထားသော ဂက်စ်အိုးနှင့် ဂက်စ်မီးဖိုများကို သုံးနှစ်အာမခံချက် အရောက်ပို့တပ်ဆင်ပေးခြင်းများ ပြုလုပ်ပေးကြောင်း၊ မြန်မာသီဟကုမ္ပဏီနှင့် ဆက်သွယ်လိုပါက ရန်ကုန်ရုံးချုပ်နှင့် အရောင်းပြခန်း(၃၂၆/၃၂၈)၂၄လမ်းနှင့် ကမ်းနားလမ်းထောင့် လသာမြို့နယ် ဖုန်း-၀၁-၃၇၆၃၉၅၊ ၃၇၉၆၃၇၊ ၃၈၄၂၈၈၊ ၃၈၀၂၅၄၊ ရန်ကုန် အရောင်းပြခန်းခွဲ ၁၃၂၊ ကုန်ဈေးတန်းလမ်း ပန်းဘဲတန်းမြို့နယ် ဖုန်း-၀၁-၃၇၉၆၉၅၊ မန္တလေးရုံးခွဲ ၇၈ လမ်းနှင့် ၄၂လမ်းထောင့် အမှတ် (၁၁) ရဲစခန်းအနီး ရန်ကုန်-မန္တလေးလမ်းမကြီး ချမ်းမြသာစည်မြို့နယ် ဖုန်း-၀၂-၃၃၀၀၄၊ ၀၉-၈၀-၃၂၄၉၉ နှင့် နေပြည်တော် ပျဉ်းမနားရုံးခွဲ ၁၅/၄၇၃ ရာဇဌာနီလမ်း ပေါင်းလောင်းအကွက်(၃) ဖုန်း-၀၆၇-၂၃၉၆၄ တို့သို့ ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမြို့မြို့ အနယ်နယ် လိုတိုရှင်း သတင်းများ

လွတ်လပ်ရေးနေ့ အခမ်းအနား မြင်းမူ၌ကျင်းပ

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက်က မြင်းမူမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့ရင်ပြင်၌ ကျင်းပပြီး လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်းက ဖတ်ကြားသည်။ (၀၃၅)

စာကြည့်တိုက်များခိုင်မာရေး ဆီဆိုင်၌ ဆွေးနွေး

ဆီဆိုင်မြို့နယ် ပင်စုံကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၅ရက် နံနက် ၉နာရီက ညောင်ကိုင်းရွာ အောင်ပါရမီစာကြည့်တိုက်၌ကျင်းပရာ မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဦးနေမျိုးသူရိန်နှင့် အဖွဲ့သည် ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံ၍ စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

ယာဉ်/လမ်းစည်းကမ်းလိုက်နာရေး ပညာပေးဟောပြော

မကွေးတိုင်း အထက်မင်းလှမြို့နယ် အဝေးပြေးမော်တော်ယာဉ်ဂိတ် ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီရုံးခန်းမတွင် ဒီဇင်ဘာ၂၉ရက်နေ့လယ်က သရက်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးမြသောင်းနှင့် မင်းလှမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးယုကြိုင်တို့ ခေါင်းဆောင်သောအဖွဲ့ ယာဉ်/လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် မြို့နယ်အတွင်းရှိ ယာဉ်မောင်း၊ယာဉ်နောက်လိုက်များအား ယာဉ်/လမ်းစည်းကမ်းလိုက်နာရေး ပညာပေးဟောပြောသည်။ (၀၇၆)

စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ ကျင်းပ

ဟုမ္မလင်းမြို့နယ် နောင်လွန်ကျေးရွာ ရပ်ကွက်ရုံးခန်းမ၌ ဒီဇင်ဘာ ၃၀ရက် ညနေ ၃နာရီက စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကျင်းပရာ ခရိုင်ပြန်/ဆက်ဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်းစိုးက စာအုပ်မျိုးစုံ အုပ်၅၀၊ မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်က စာအုပ်စာစောင် ၃၀ နှင့် မြို့နယ်အသင်း အလုပ်အမှုဆောင် ဦးဖေသန်းက စိမ်းလဲ့ရွှေပြည် စာစောင် ၅၀ တို့ကို ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးကံလင်းထံ ပေးအပ်လှူဒါန်းသည်။ **(ခရိုင် ပြန်/ဆက်)**

စက်ရေတွင်းတူးဖော်မှုနှင့် မြို့ရေပေးရေးကွင်းဆင်း

ဘုတလင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ပြီးစီးသော ညောင်ပင်ကန်ကျေးရွာ စက်ရေတွင်းတူးဖော်ပြီးစီးမှုကို စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့်အဖွဲ့ ဇန်နဝါရီ ၈ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးလွင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးနိုင်ဝင်းတို့က ရှင်းလင်းတင်ပြပြီး ဆက်လက်၍ အဆိုပါအဖွဲ့သည် ဇန်နဝါရီ ၉ရက်၌ ဘုတလင်မြို့ ဗန္ဓုလရပ်ကွက် မြို့ရေပေးရေး ဆောင်ရွက်မှုအခြေအနေကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

လူကုန်ကူးမှုတားဆီးကာကွယ်ရေး သင်တန်းဖွင့်

မန္တလေး အောင်မြေသာစံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ လူကုန်ကူးမှု တားဆီးကာကွယ်တိုက်ဖျက်ရေး ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၉ရက် နံနက်က ကမ်းနားလမ်းရှိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်နန်းမာလာဆွေက အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက ကဏ္ဍအလိုက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအကြောင်း ပို့ချဆွေးနွေးကြသည်။ **(၀၉၀)**

ရမည်းသင်း၌ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရေးဆွေးနွေး

မန္တလေးတိုင်း ရမည်းသင်းမြို့နယ်လုံးကျွတ် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ဖြစ်သည့် ဇန်နဝါရီ ၁၀ရက်နှင့် ဖေဖော်ဝါရီ ၇ရက်တွင် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရေးလုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၆ရက် နံနက် ၁၀နာရီက ရမည်းသင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးရဲကျော်ခိုင်က အမှာစကားပြောကြားပြီး ခရိုင်ဆရာဝန်ကြီး ဒေါက်တာစမ်းစမ်းတင့်က ဆေးတိုက်ကျွေးရေးဆွေးနွေးသည်။ (၁၆၉)

စဉ့်ကူး၌ စာအုပ်လှူဒါန်းပွဲကျင်းပ

စဉ့်ကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာပေဗဟုသုတ တိုးပွားစေရေး၊ ကျေးရွာတိုင်း စာကြည့်တိုက်များ ဆောက်လုပ်နိုင်ရေး ဟောပြောဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၉ရက် နံနက် ၁၀နာရီက အလှူရှင်များမှ စာအုပ်စာစောင်များကို မြို့နယ်ပြန်/ဆက် ဦးစီးဌာနသို့ လာရောက်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ညောင်လေးပင်၌ စာပေဟောပြော

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၁၃ရက် ည၇နာရီက ညောင်လေးပင်မြို့ ရပ်ရှင်ရုံ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်ဝင်းက အမှာစကားပြောကြားပြီး စာရေးဆရာ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီသုမောင်၊ စာရေးဆရာ အကြည်တော်နှင့် တက္ကသိုလ်နေမျိုးထွန်းတို့က စာပေရေးရာများ ဟောပြောကြသည်။ (၀၅၃)

ပုံတောင်ပုံညာဒေသ၌ အထကကျောင်း(ခွဲ)ဖွင့်

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ပုံတောင်ပုံညာဒေသ ကျင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဖွင့်ပွဲကို နိုဝင်ဘာ ၂၄ရက်က အဆိုပါကျောင်းရှေ့ မြက်ခင်းပြင်၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးဇော်မင်းနှင့် ထီးလင်းအထက ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(၀၇၁)**

ညောင်ရွှေမြို့၌ ကတ္တရာလမ်းခင်းဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်းလမ်းပန်းဆက်သွယ်ရေး ချောမွေ့စေရေးအတွက် အမှုဆောင်အရာရှိ ဦးလင်းထွဋ်၊ တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်တိုးနှင့် အငယ်တန်း အင်ဂျင်နီယာများ ဦးဆောင်ကြီးကြပ်ပြီး ဒီဇင်ဘာ၁ရက်က မြို့မ(၈)ရပ်ကွက်ရှိ လမ်းများကို ကတ္တရာခင်းကျင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ (၀၂၁)

နေပြည်တော်ပျဉ်းမနားအရှေ့ခြမ်း တောင်ပေါ်ဒေသများအား လက်ဖက်ထွက်သည့်ဒေသအဖြစ် ပြောင်းလဲရေး လက်ဖက်ခင်းများစိုက်ပျိုး

စိုက်ပျိုးမြေများဖော်ထုတ်ပေးကာ လက်ဖက်ပျိုးပင်များ ပျိုးထောင်ပေးမည်

နေပြည်တော် ဇန်နဝါရီ ၁၂

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ဇန်နဝါရီ ၉ရက် နံနက် ၁၀နာရီခွဲက နေပြည်တော်ပျဉ်းမနားအရှေ့ခြမ်း တောင်ပေါ်ဒေသဖြစ်သည့် မဲပေါက်ကျေးရွာသို့ရောက်ရှိပြီး ကျေးရွာမူလတန်း ကျောင်းဆောင်သစ် တည်ဆောက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ကျေးရွာပြည်သူများနှင့်တွေ့ဆုံ၍ စာသင်ကျောင်းပြုပြင်ရန် အလှူငွေကျပ်နှစ်သိန်းကို ကျေးရွာရပ်မိရပ်ဖတစ်ဦးထံ ပေးအပ်သည်။ **(ယာပုံ)**

ဆက်လက်၍ တာဝန်ရှိသူများက ဆေးနှင့်ဆေးပစ္စည်းများ၊ စာအုပ်နှင့်စာရေးကိရိယာပစ္စည်းများ၊ စောင်နှင့်အနွေးထည်များ၊ အစားအစာနှင့်အိုင်အိုဒင်းဆားများကို ထောက်ပံ့ပေးအပ်ကြသည်။

မှာကြား

ယင်းနောက် တိုင်းမှူးက ကျေးရွာနေပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် ထောက်ပံ့ရေးပစ္စည်းများပေးအပ်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက နေပြည်တော်ပျဉ်းမနားအရှေ့ခြမ်း တောင်ပေါ်ဒေသများအား လက်ဖက်ထွက်သည့် ဒေသတစ်ခုအဖြစ် ပြောင်းလဲရေးအတွက် လက်ဖက်ခင်းများ စိုက်ပျိုးရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် စိုက်ပျိုးမြေများ ဖော်ထုတ်ပေးကာ လက်ဖက်ပျိုးပင်များ ပျိုးထောင်ပေးမည်ဖြစ်ပြီး ဒေသခံများက အောင်မြင်ဖြစ်ထွန်းအောင် ကြိုးပမ်းစိုက်ပျိုးကြစေလိုကြောင်း၊ ထို့ပြင် သစ်ပင်သစ်တောပြုန်းတီးစေမည့် တောင်ယာခုတ်ခြင်း၊ မီးသွေးဖုတ်ခြင်းတို့ကို မပြုလုပ်ကြစေလိုကြောင်း မှာကြားပြီး မဲပေါက်ကျေးရွာ၏ လက်ဖက်စိုက်ပျိုးရန် မြေယာဖော်ထုတ်နေမှုနှင့် နွေစပါးစိုက်ပျိုးရန် ထွန်ယက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် တိုင်းမှူးသည် ဂမုန်းတောင်ကျေးရွာသို့ရောက်ရှိပြီး ကျေးရွာရပ်မိရပ်ဖများအား ထောက်ပံ့ရေးပစ္စည်းများပေးအပ်ကာ ကျေးရွာလက်ဖက်ပျိုးခင်းနှင့် တစ်ပိုင်တစ်နိုင် ရေအားလျှပ်စစ်ထုတ်ယူ သုံးစွဲနေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

တိုင်းမှူးသည် ညနေပိုင်းတွင် ပဒက်ချောင်းကျေးရွာ မူလတန်းကျောင်းသို့ ရောက်ရှိပြီး ထောက်ပံ့ရေးပစ္စည်းများပေးအပ်ကာ ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ ထို့နောက် နယ်မြေခံတပ်ရင်း၌ ပျိုးထောင်ထားသော လက်ဖက်ပျိုးခင်းများကို ကြည့်ရှုစစ်ဆေးပြီး ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးရန်မှာကြားသည်။

ထိုမှတစ်ဆင့် ဘန့်ဘားကျေးရွာအုပ်စု အောင်ဘိတ်သိတ်ကျေးရွာသို့ ရောက်ရှိပြီး ထောက်ပံ့ရေးပစ္စည်းများပေးအပ်ကာ ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထောက်ပံ့ပေး

ဤခရီးစဉ်အတွင်း နေပြည်တော်ပျဉ်းမနား အရှေ့ခြမ်း တောင်ပေါ်ဒေသကျေးရွာအုပ်စု ခုနစ်အုပ်စု၊ ကျေးရွာ ၅၉ရွာတို့ရှိ ကျောင်းသား ကျောင်းသူ ၁၆၇၉ဦး၊ စာသင်ကျောင်း ၃၆ကျောင်း၊ ကျန်းမာရေးဌာန ၁၀ခုတို့အတွက် ငွေကျပ် ၁၈သိန်းကျော် တန်ဖိုးရှိ စောင်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ခေါက်ဆွဲထုပ်နှင့်ဆားများ ထောက်ပံ့ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆိပ်ကြီးခနောင်တိုမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၁၀ရက် နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ်(ကမ်းနားဆိပ်) ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အနေးယာဉ်လုပ်သားများ နားနေဆောင်ဖွင့်ပွဲသို့ သွားရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဒုတိယမြို့တော်ဝန်က အမှာစကားပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ရှုခင်းသာမြို့ပတ်လမ်းကို လမ်းအရှည် ပေ ၉၄၆၀၊ အကျယ် ၁၀ပေရှိ ကွန်ကရစ်လမ်းအဖြစ် ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန်သည် ဗဟိုလမ်းရှိ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံးသို့ ရောက်ရှိပြီး ကလေးများအား အမျိုးသားပိုလီယိုကာကွယ်ဆေးတိုက်ကျွေးပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ထို့နောက် ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် အမှတ်(၅)အခြေခံပညာမူလတန်းကျောင်း၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက တာဝန်ယူဆောက်လုပ်လှူဒါန်းသည့် အလျားပေ ၁၂၀၊ အနံပေ ၃၀ရှိ တစ်ထပ် စာသင်ကျောင်းဆောင်ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ဆိပ်ကြီးခနောင်တိုမြို့နယ် သင်္ဘောဆိပ်ကမ်း ပြုပြင်ခြင်းလုပ်ငန်းနှင့် ယာယီဇောတံတား တည်ဆောက်ခြင်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက တာဝန်ယူ ဆောက်လုပ်လှူဒါန်းသည့် အလျားပေ၁၆၀၊ အနံပေ၃၀ရှိ တစ်ထပ် Steel Structure စာသင်ဆောင်၊ အလျားပေ၁၈၀၊ အနံပေ၃၀ရှိ တစ်ထပ် Steel Structure စာသင်ဆောင်နှင့် အလျား ၁၁၄ပေ၊ အနံ၃၂ပေရှိ တစ်ထပ် Steel Structure ခန်းမဆောင်များ တည်ဆောက်နေမှုကိုကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန်သည် မြို့မိမြို့ဖများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လူမှုရေးအသင်းအဖွဲ့မှ လှူဒါန်းသည့် အားကစားပစ္စည်းနှင့် အဝတ်အစားများကို အဖွဲ့ဝင်များက မြို့မိမြို့ဖများအား ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမျိုးသား ကာကွယ်ဆေးတိုက်နေ့များ (၂၀၀၉) မြို့နယ်အဆင့် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ရက်က အမှတ်(၃၆) ရပ်ကွက်မွေ့ရုံ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဒေါ်သန်းလှတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

စီမံကိန်းရည်မှန်းချက်များအတိုင်း သီးနှံများကြိုးပမ်းစိုက်ပျိုးထုတ်လုပ် ပိုလျှံသောသီးနှံများ ပြည်ပသို့စနစ်တကျတင်ပို့ရောင်းချ

● ရွှေဖုံးမှ

ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးစီမံချက်နှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ်၌ ပြီးခဲ့သောနှစ်(၄၀)အတွင်း မုန်တိုင်းအန္တရာယ်(၁၀)ကြိမ်မျှ ကျရောက်ခဲ့မှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကာလအလိုက် ဆောင်ရွက်ခဲ့မှုအခြေအနေ၊ မြို့နယ်များအလိုက် အသက်ကယ်ကုန်းများ၊ အသက်ကယ်ရေကန်များ ဆောက်လုပ်ထားမှု၊ ရေငန်တား တာတမံများတည်ဆောက်ထားမှု၊ ဒီရေတောများထိန်းသိမ်း ကာကွယ်ထားမှု၊ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ခြေရှိသည့် နယ်မြေဒေသအလိုက် ဇာတ်တိုက်လေ့ကျင့် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြိုတင်ကာကွယ်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက မှာကြားလမ်းညွှန်ရာတွင် ပြောင်းလဲလာလျက်ရှိသော ကမ္ဘာ့ရာသီဥတုအခြေအနေအရ ဆိုင်ကလုန်းမုန်တိုင်းများဖြစ်ပေါ်လာနိုင်သည့်အန္တရာယ်များကို မိမိတို့ ကြိုတင်စဉ်းစား သတိပြုရန်လိုအပ်ကြောင်း၊ မြို့နယ်အလိုက်လိုအပ်သော ကြိုတင်ကာကွယ်မှုများ စနစ်တကျ ဇာတ်တိုက်လေ့ကျင့်ထားရန်လိုအပ်ကြောင်း၊ ဧရာဝတီတိုင်းသို့ ဝင်ရောက်သွားခဲ့သည့် ပြင်းထန်သောနာဂစ်မုန်တိုင်းနှင့် စပ်လျဉ်း၍ မိမိတို့အတွေ့အကြုံနှင့် သင်ခန်းစာများရယူရန် လိုအပ်ကြောင်း၊ ထို့ကြောင့်လာမည့် မိုးရာသီမရောက်မီ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အပြီးဆောင်ရွက်ထားရန် ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းမှုအားဖြင့် သဘာဝဘေးအန္တရာယ်ကိုရော အခြားအဖျက်အန္တရာယ်များကိုပါ ကာကွယ်တားဆီး၍ ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးကို ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့ လူမျိုးများ၏ စိတ်ဓာတ်ကောင်းမွန်မှုနှင့် စည်းလုံးညီညွတ်မှု၊ ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံခိုင်မာမှု အခြေအနေတို့ကြောင့် နာဂစ်မုန်တိုင်း၏ ဒဏ်ရာဒဏ်ချက်များကို မိမိတို့ အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ဝိုင်းဝန်းကြိုးပမ်း

ဒေသအလိုက် စားနပ်ရိက္ခာဖူလုံပိုလျှံအောင်၊ စီးပွားရေးတောင့်တင်းအောင် ကြိုးပမ်းကြရန် အရေးကြီးကြောင်း၊ ရခိုင်ပြည်နယ်၏ ရေ၊မြေ၊ရာသီဥတု အခြေအနေအရ စားနပ်ရိက္ခာဖူလုံ ပိုလျှံပါကြောင်း၊ ယင်းဖူလုံပိုလျှံမှုကို ခိုင်မာသည်ထက်ခိုင်မာအောင် ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းအပါအဝင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အစဉ်အမြဲ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်ထုတ်လုပ်မှု ကုန်ကျစရိတ် လျော့နည်းကျဆင်းလာရေး၊ အလေအလွင့် ထိန်းသိမ်းရေးတို့ကို အမြဲအလေးထားပြီး ပြည်နယ်၏ စီးပွားရေး တိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းကြရန် လိုအပ်ကြောင်း၊ ထွက်ရှိလာသော သီးနှံများကိုလည်း အရည်အသွေးရှိရှိ အဆင့်အတန်းမီမီဖြင့် ပြည်ပသို့ တင်ပို့နိုင်အောင် ကြံစည်လုပ်ကိုင်ကြရန် လိုအပ်ကြောင်း၊ သို့မှသာ ပြည်နယ်၏ စီးပွားရေးသာမက နိုင်ငံတော်၏ စီးပွားရေးသည်လည်း တိုးတက်ခိုင်မာလာမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့၏လုပ်ငန်းတာဝန်များကို စေတနာထား၍ ဆောင်ရွက်ရန်နှင့် မိမိတို့၏ ဆောင်ရွက်ချက်များကြောင့် ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန် အရေးကြီးကြောင်းဖြင့်မှာကြားပြီး အစည်းအဝေးခန်းမမှ ပြန်လည်ထွက်ခွာသွားသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ ညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်သောင်းအေးက ပြည်နယ်အတွင်း စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် မြေအသုံးချနိုင်မှုအခြေအနေများ၊ သားငါးကဏ္ဍတိုးတက်ထုတ်လုပ်မှုနှင့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်မှုအခြေအနေများ၊ ပြည်နယ်အတွင်း လမ်းများအဆင့်မြှင့်တင်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးမြေအသုံးချမှု၊ သီးနှံစိုက်ခွမ်းအား တိုးတက်လာမှု၊ ရေသွင်းစိုက်ပျိုးရေးတိုးတက်လာမှု၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အသက်ကယ်ကုန်းနှင့် အသက်ကယ်ကန်များ တည်ဆောက်ခဲ့မှုနှင့် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားနိုင်မှု၊ ရေငန်တားတာများ မြှင့်တင်ထိန်းသိမ်းမှုများကို ရှင်းလင်းတင်ပြသည်။

တိုးမြှင့်ဆောင်ရွက်

ထို့နောက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ရေငန်ပုစွန်ကန်များ တိုးချဲ့မွေးမြူထားမှုများကိုလည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်းက နယ်စပ်ကုန်သွယ်ရေးလုပ်ငန်း တိုးမြှင့်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ခရီးသည်နှင့် ကုန်စည်များ တိုးတက်သယ်ပို့နိုင်မှုများနှင့် လေယာဉ်ကွင်းများ အဆင့်မြှင့်တင်ထားနိုင်မှု၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် ပူးပေါင်းပါဝင် ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းက သူငွေးချောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့် အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်ပြီးစီးမှုများကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ပညာပေးဆွေးနွေး

ရှင်းလင်းတင်ပြချက်များအပေါ် အတွင်းရေးမှူး(၁)က လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ပေးပြီး ဆွေးနွေးမှာကြားရာတွင် ပြည်နယ်အတွင်းလမ်းများကို အစဉ်အမြဲ အသုံးပြုနိုင်စေရန် ဦးစားပေးအဆင့်ဖြင့် ဘဏ္ဍာငွေတောင်းခံ ပြင်ဆင်ထိန်းသိမ်းရေး၊ ထိုမှတစ်ဆင့် လမ်းများကို တဖြည်းဖြည်း လမ်းအဆင့်မြှင့်တင်သွားရေး၊ စီမံကိန်းရည်မှန်းချက်များအတိုင်း သီးနှံများကို ကြိုးပမ်းစိုက်ပျိုးထုတ်လုပ်ရေး၊ ထုတ်လုပ်သောသီးနှံများအနက် အမှန်တကယ် ပိုလျှံသောသီးနှံများကို ပြည်ပသို့ စနစ်တကျတင်ပို့ရောင်းချရေး၊ တရားမဝင် မှောင်ခိုကုန်သွယ်မှုများ မဖြစ်ပေါ်စေရေး၊ လေဘေး၊ ရေဘေး အန္တရာယ်မှ ခိုလှုံနိုင်သော အသက်ကယ်ကုန်း၊ အသက်ကယ်ရေကန်နှင့် ရေငန်တား တာတမံများ ပြန်လည်ပြုပြင်မွမ်းမံရေးတို့ကို မှာကြားပြီး နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် စေတနာလွန်ကဲမှု အမှားများ၊ လုပ်ငန်းတာဝန်ကျေပွန်လိုမှုအပေါ် လုပ်မှားကိုင်မှားများမဖြစ်စေဘဲ ပြည်သူလူထုအား မိမိလုပ်ငန်းတာဝန်အရ ဆောင်ရွက်ရမှုများအပေါ် နားလည်သိရှိအောင် ပညာပေးဆွေးနွေးရန် လိုအပ်သကဲ့သို့ မိမိတို့၏ လုပ်နည်းကိုင်နည်း မှန်ကန်ရန်လည်း အမြဲ အလေးထားရန်လိုအပ်ကြောင်းဖြင့် မှာကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အထက(၆) ဗိုလ်တထောင်(စိန်ပေါလ်) ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၂

အထက(၆) ဗိုလ်တထောင်(စိန်ပေါလ်)တွင် ၁၉၆၅မှ ၁၉၈၀အထိ သုံးနှစ်ဆက်တိုက် ပညာသင်ကြားပေးခဲ့သော မြတ်ဆရာများ၊ ၁၉၈၁မှ ၂၀၀၈ခုနှစ်အထိ သက်ပြည့်အငြိမ်းစား ဆရာ ဆရာမများအား ကျောင်းသားဟောင်းများ၏ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ်၂ရက်(တောင်သူလယ်သမားနေ့) နံနက်၉နာရီတွင် အဆိုပါကျောင်း ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ပြီး မိတ်ဆုံစားပွဲကိုလည်း ယင်းနေ့ညနေ၆နာရီတွင် ဗဟန်းမြို့နယ် အားကစားကွင်းအတွင်းရှိ M.3 Food Centre ၌ ကျင်းပရန် စီစဉ်ထားသည်။

ဆက်သွယ်လျှောက်ထားရန်

ဆက်သွယ်လျှောက်ထားရန်

အာစရိယပူဇော်ပွဲသို့ အပူဇော်ခံဆရာ ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် ဦးသိန်းဆွေ ဖုန်း-၀၉-၅၁-၉၃၄၃၄၊ ဦးကျော်ဦးမြင့် ဖုန်း-၅၁၄၉၅၄၊ ဦးတော်မီတင်ဦး ဖုန်း-၀၉-၅၁-၁၄၇၃၀၊ ဦးမြင့်ထွန်း ဖုန်း-၂၄၀၃၅၉၊ ဦးခင်လှိုင်ညွှန့် ဖုန်း-၂၄၆၃၁၃၊ ဦးသက်ချိုဦး ဖုန်း-၂၄၆၄၇၀၊ ဦးမျိုးသန့် ဖုန်း-၅၇၃၅၈၅ လိုင်းခွဲ ၂၈၆သို့ ဆက်သွယ်စုံစမ်း လျှောက်ထားနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်တက္ကသိုလ် မြန်မာစာမိသားစု သက်ကြီး ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်တက္ကသိုလ် မြန်မာစာမိသားစု၏ အဌမအကြိမ် သက်ကြီးဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဇန်နဝါရီ၁ရက် မွန်းလွဲ၁နာရီက တက္ကသိုလ်ရိပ်သာလမ်းရှိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပသည်။

နှုတ်ခွန်းဆက်စကားပြောကြား

သက်ကြီး ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲတွင် အခမ်းအနားမှူးအဖြစ် တွဲဖက်ပါမောက္ခ ဦးမျိုးသန့်က ဆောင်ရွက်ပြီး ရန်ကုန်တက္ကသိုလ်ပါမောက္ခ(ဌာနမှူး) ဒေါက်တာခင်သန်းဦးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ပူဇော်ကန်တော့

ဆက်လက်၍ ဒေါက်တာခင်သန်းဦး(မမိုးမြေ)ရေးဖွဲ့သော "မြတ်ဆရာ" သီချင်းကို ဂီတမှူး စန္ဒရားဦးဆန်းဝင်းက တီးခတ်ပြီး အဆိုတော် လင်းလက်ထွန်းကသီဆိုချိန်တွင် မြန်မာစာပါရဂူ(ဘွဲ့ကြို) သင်တန်းသူများက ဆီမီးထွန်းညှိ ပူဇော်ကြသည်။ ထို့နောက် ပုသိမ်တက္ကသိုလ် တွဲဖက်ပါမောက္ခ ဒေါက်တာကိုလေးက ကန်တော့ချိုးတိုင်ပေးပြီး ကန်တော့ခံဆရာကြီး၊ ဆရာမကြီး ၄၄ဦးတို့အား ပူဇော်ကန်တော့ကြသည်။ ကန်တော့ခံပုဂ္ဂိုလ်များကိုယ်စား ဆရာကြီးဦးမြင့်ကြည်က ကျေးဇူးတင်စကား ပြောကြားပြီး ဆရာမဒေါ်မာလေး(တက္ကသိုလ်ဝင့်မာ)က အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျောင်းသားဟောင်း ဦးအောင်စိုးဦးနှင့် ကျောင်းသူဟောင်း ဒေါ်သက်သက်ဆွေတို့က ဂါရဝပြုပြောကြားကြပြီး ကန်တော့ပစ္စည်းများပေးအပ်ကာ တေးဂီတဖျော်ဖြေပွဲအပြီးတွင် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (မြန်မာ့အလင်း)

ရန်ကုန်တက္ကသိုလ် မြန်မာစာမိသားစု၏ သက်ကြီး ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲတွင် ပါမောက္ခဌာနမှူး ဒေါက်တာခင်သန်းဦး နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (မြန်မာ့အလင်း)

အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီးဦးအောင်ကြည် မန္တလေးမြို့ရှိ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် အလုပ်သမားဆေးရုံကြီး ဝန်ကြီးဦးအောင်ကြည် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၂

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်သည် ဇန်နဝါရီ ၁၁ရက် မွန်းလွဲ ၁နာရီတွင် မန္တလေးမြို့ စိန်ပန်း(၂) စက်မှုဇုန်ရှိ အလုပ်သမားဝန်ကြီးဌာန ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်းကို စစ်ဆေးသည်။ ထို့နောက် အဆိုပါသင်တန်းကျောင်း၌ သင်တန်းတက်ရောက်အောင်မြင်ပြီးသော ဂဟေဆက်သင်တန်းသားများ၏ လုပ်ဆောင်ချက်များ ဆန်းစစ်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းကျောင်းခန်းမ၌ အလုပ်သမားဝန်ကြီးဌာနလက်အောက်ခံ ဦးစီးဌာန၊ အဖွဲ့၊ ကော်မတီရုံးများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။ ယင်းနောက် မန္တလေးမြို့ အလုပ်သမားဆေးရုံကြီးသို့ ရောက်ရှိပြီး ဆေးဝါးကုသမှုခံယူနေသော လူနာများအား အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✻ ကျောဖုံးမှ

ကြိုဆို

စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များအား အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးသည် စီမံကိန်းရှင်းလင်းဆောင် ရှုရပ်မှနေ၍ သူ့ငွေ့ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်အတွင်း စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်မှူးကြီးအား အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ရခိုင်ပြည်နယ်အတွင်းရှိ ရေအားအရင်းအမြစ်များမှ ရေအားလျှပ်စစ်ထုတ်လုပ် ရရှိနိုင်မည့်နေရာများ၊ ရခိုင်ပြည်နယ်အတွင်း ဓာတ်အားပေးကွန်ရက်စနစ် တည်ဆောက်ပြီး ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာတွင် ရခိုင်ပြည်နယ်အတွင်းရှိ ရေအားအရင်းအမြစ်များမှ လျှပ်စစ်ဓာတ်အား ၁၁၁ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် သူ့ငွေ့ရေအားလျှပ်စစ်စီမံကိန်းနှင့် ၁၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် အမ်းချောင်းရေအားလျှပ်စစ် စီမံကိန်းတို့မှာ တည်ဆောက်ဆဲစီမံကိန်းလုပ်ငန်းများ ဖြစ်ပါကြောင်း၊ မဂ္ဂါဝပ် ၅၀၀ထုတ်လုပ်နိုင်မည့် လေးမြို့ရေအား လျှပ်စစ်စီမံကိန်းနှင့် ၇၆ ဒသမ ၅ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် စိုင်ဒင်ရေအားလျှပ်စစ်စီမံကိန်းတို့မှာ တည်ဆောက်ရန် လျာထားသော စီမံကိန်းများဖြစ်ပါကြောင်း၊ အဆိုပါရေအားလျှပ်စစ်စီမံကိန်း လေးခုပြီးစီးသွားပါက စုစုပေါင်းလျှပ်စစ် ၆၉၇ ဒသမ၅မဂ္ဂါဝပ်အထိ ထုတ်လုပ် နိုင်အားရှိမည်ဖြစ်ပြီး ရခိုင်ပြည်နယ်အတွင်း မြို့နယ်များသို့ ဓာတ်အားဖြန့်ဖြူးပေး နိုင်မည်ဖြစ်ပါကြောင်း။

စတင်ဆောင်ရွက်

ရခိုင်ပြည်နယ် သူ့ငွေ့ချောင်းပေါ်တွင် တည်ဆောက်မည့် သူ့ငွေ့ရေအား လျှပ်စစ်စီမံကိန်းအား ဆောင်ရွက်နိုင်ရန် အကြိုစူးစမ်းလေ့လာမှုများကို ၂၀၀၄ ခုနှစ် ဧပြီမှစတင်၍ ဆောင်ရွက်ခဲ့ပါကြောင်း၊ စက်တစ်လုံးလျှင် ၃၇ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်သည့် တာဘိုင်စက်သုံးလုံးမှ လျှပ်စစ်ဓာတ်အား ၁၁၁ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ အဓိကရေအား အဆောက်အအုံများ အနေဖြင့် အလျား ၂၃၂၆ ပေရှိ အမှတ်(၁)ရေလွှဲဥမင်လိုဏ်နှင့် အလျား ၁၈၇၅ ပေရှိ အမှတ်(၂)ရေလွှဲဥမင်လိုဏ်၊ ပင်မတမံ၊ ရေပိုလွှဲ၊ ဖိအားမြင့်သံမဏိပိုက်လိုင်းများဖြစ်ပါကြောင်း။

တမံအုတ်မြစ်၊ စိမ့်ရေတားကွန်ကရစ် နံရံတည်ဆောက်ခြင်းလုပ်ငန်းကို ခေတ်မီလုပ်ငန်းသုံး စက်ယန္တရားဖြစ်သည့် Bauer Trench Cutter ကို အသုံးပြု၍ တည်ဆောက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထည့်သွင်းတည်ဆောက်

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ပင်မတမံတည်ဆောက်မှုပုံစံ ဒီဇိုင်းနှင့် Trench Cutter ဖြင့် တမံအုတ်မြစ်၊ စိမ့်၊ ရေတားကွန်ကရစ်နံရံ တည်ဆောက်မည့် အစီအစဉ်များ၊ ငလိုက်၊ မုန်း၊ သဖန်းဆိပ်စသည့် ရေလှောင်တမံများ၌ စိမ့်ရေတားကွန်ကရစ်နံရံများ ထည့်သွင်းတည်ဆောက်ခဲ့ပုံများကို ရှင်းလင်းတင်ပြသည်။

လက်ဆောင်ပစ္စည်းများပေးအပ်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးက လိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး သူ့ငွေ့ရေအားလျှပ်စစ် စီမံကိန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံခြားသား ပညာရှင်များအား လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် သူ့ငွေ့ရေအားလျှပ်စစ်စီမံကိန်း၏ လုပ်ငန်းတစ်ခုဖြစ်သော တမံအုတ်မြစ်၊ စိမ့်ရေတားကွန်ကရစ်နံရံ စတင်တည်ဆောက်ခြင်း အခမ်းအနားကျင်းပမည့် မင်္ဂလာမုခ်ဦးရှေ့သို့ သွားရောက်နေရာယူကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက်မင်္ဂလာအချိန်တွင် တမံအုတ်မြစ်၊ စိမ့်ရေတားကွန်ကရစ်နံရံ တည်ဆောက်မှု စတင်ဆောင်ရွက်ရန် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးခင်ဇော်၊ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း တို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းတို့သည် တမံအုတ်မြစ်၊ စိမ့်ရေတားကွန်ကရစ် နံရံတူးဖော်တည်ဆောက်မည့် စက်ယန္တရား (Trench Cutter) ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ကြိုးစားလုပ်ကိုင်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးသည် တမံအုတ်မြစ်၊ စိမ့်ရေတား ကွန်ကရစ်နံရံ တည်ဆောက်မှုလုပ်ငန်းသုံး စက်ယန္တရား (Trench Cutter)ကို Guide Wall ပေါ်တွင် နေရာချထားပြီး မြေတူးခြင်းလုပ်ငန်း စတင်ဆောင်ရွက်ပုံ အဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းများကို စေတနာထား၍ ကြိုးစားလုပ်ကိုင်ရန်၊ အစစသပ်ရပ်သေချာစွာ ဆောင်ရွက်ရန် မှာကြားသည်။

ယင်းစက်ယန္တရားသည် စိမ့်ရေတားနံရံကို အနက်ပေ ၂၀၀ အထိ တူးဖော် နိုင်အားရှိကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးသည် သူ့ငွေ့ရေအားလျှပ်စစ်စီမံကိန်း တွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ပြန်လည်ထွက်ခွာခဲ့သည်။

ရည်ရွယ်တည်ဆောက်

အဆိုပါ သူ့ငွေ့ရေအား လျှပ်စစ်စီမံကိန်းသည် ရခိုင်ပြည်နယ် သံတွဲမြို့၏ အရှေ့မြောက်ဘက် ၁၂ မိုင်ခန့်အကွာ သူ့ငွေ့ချောင်းပေါ်၌တည်ရှိ၍ တပ်ဆင် စက်အင်အား ၁၁၁ မဂ္ဂါဝပ်ရှိသော ရေအားလျှပ်စစ်စက်ရုံတစ်ခု တည်ဆောက် ပြီး နှစ်စဉ်ထုတ်လုပ်နိုင်မည့် ဓာတ်အားကီလိုဝပ်နာရီ ၃၈၆ သန်းကို ရခိုင် ပြည်နယ်အတွင်းသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရန် ရည်ရွယ်တည်ဆောက် လျက်ရှိသည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တမံအုတ်မြစ်၊ စိမ့်ရေတားကွန်ကရစ်နံရံ တည်ဆောက်မှုလုပ်ငန်းသုံး စက်ယန္တရား (Trench Cutter) ကို Guide Wall ပေါ်တွင် နေရာချထားပြီး မြေတူးခြင်းလုပ်ငန်း စတင်ဆောင်ရွက်ပုံ အဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

သူ့ငွေ့ ရေအားလျှပ်စစ် စီမံကိန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး သူ့ငွေ့ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ကြည့်ရှု စစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်သစ်ကို ဘက်စုံ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး အစီအမံများချမှတ်ပြီး ပုံဖော်တည်ဆောက်လျက်ရှိ ထက်မြက်သည့် ပညာတတ်လူ့စွမ်းအား အရင်းအမြစ်များ ပညာရပ်ဆိုင်ရာ နယ်ပယ်အသီးသီးတွင် ထူးချွန်ထက်မြက်ရုံသာမက အမျိုးသားရေးအသိအမြင် ယုံကြည်ချက်၊ ခံယူချက်မြင့်မားနေရန်လိုအပ်

ရန်ကုန် ဇန်နဝါရီ ၁၂

တက္ကသိုလ်၊ ကောလိပ်ဆရာ ဆရာမများအထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းတက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) တက္ကသိုလ်၊ ကောလိပ်ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၄) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ၊ စာရင်းစစ်ချုပ်ဗိုလ်ချုပ် လွန်းမောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများနှင့် တာဝန်ရှိသူများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ မြန်မာနိုင်ငံပညာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းက သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်သစ်ကို ဘက်စုံ ကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများချမှတ်ပြီး ရည်မှန်းပုံဖော် တည်ဆောက်လျက်ရှိရာ ထူးချွန်ထက်မြက်သည့် ပညာတတ် လူ့စွမ်းအား အရင်းအမြစ်များအနေဖြင့် ပညာရပ်ဆိုင်ရာ နယ်ပယ်အသီးသီးတွင် ထူးချွန်ထက်မြက်ရုံသာမက အမျိုးသားရေး အသိအမြင်၊ ယုံကြည်ချက်၊ ခံယူချက်မြင့်မားနေရန်လိုကြောင်း။

အကောင်အထည်ဖော်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်အား ရည်မှန်းတည်ဆောက်ရာတွင် ချမှတ်ထားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အဆင့်မြင့် ပညာကဏ္ဍတွင် တာဝန်ထမ်းဆောင်နေကြသည့် ဆရာ ဆရာမများအနေဖြင့် ယခု တက်ရောက်ကြမည့် သင်တန်းမှတစ်ဆင့် အသိအမြင်၊ ခံယူချက်များ၊ စွမ်းဆောင်ရည်များ မြင့်မားလာမည်ဟု ယုံကြည်မျှော်လင့်ကြောင်း။

ယနေ့ကာလ ၂၁ ရာစု ကမ္ဘာ့အခြေအနေသည် ခေတ်သစ်ကိုလိုနီနယ်ချဲ့ဝါဒီ အနောက်နိုင်ငံကြီးများအနေဖြင့် ယင်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် အခြားသောကမ္ဘာ့နိုင်ငံများ၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပထဝီနိုင်ငံရေးအနေအထားအရ အချက်အချာကျသည့် တည်နေရာအနေအထားများ၊ သယံဇာတအရင်းအမြစ်များအားအသုံးချနိုင်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီး၌ လွှမ်းမိုးခြယ်လှယ်နိုင်ရေးအတွက် နည်းလမ်းအမျိုးမျိုးနှင့်ဝင်ရောက်စွက်ဖက် ကြိုးပမ်းလျက်ရှိကြောင်း။

လူ့စွမ်းအားအရင်းအမြစ်

မျက်မှောက်ကာလ ကမ္ဘာ့နိုင်ငံများအနေဖြင့် မိမိနိုင်ငံ၏ ကိုယ်ပိုင်အင်အားနှင့် ရေရှည်ရပ်တည်နိုင်ရေးအတွက် ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များတတ်ကျွမ်းပြီး တီထွင်အသုံးချနိုင်စွမ်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များပိုင်ဆိုင်မှုမှာ အဓိကကျလျက်ရှိသည်ကို တွေ့မြင်ကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်နှင့် အထူးဒေသကြီး ၂၄ခု ဖွံ့ဖြိုးရေးစီမံကိန်းများကို ပြည်နယ်နှင့်တိုင်းအားလုံးတွင် အရှိန်အဟုန်နှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စုတစ်ဝန်းလုံးတွင် လမ်းတံတားများနှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာအခြေခံအဆောက်အအုံများကိုလည်း တည်ဆောက်ပေးပြီး ပတ်ဝန်းကျင်ကောင်းများ တူညီမျှတစွာပေါ်ထွန်းလာစေရေး ကြိုးပမ်းဖော်ဆောင်ပေးခဲ့ကြောင်း။

ပြုစုပျိုးထောင်

နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပညာရည်မြင့်မားရေးအတွက် ခေတ်နှင့် အညီ လိုအပ်သည့် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ICT ဆိုင်ရာအခြေခံအဆောက်အအုံများနှင့် ပညာရေးဆိုင်ရာ ပတ်ဝန်းကျင်ကောင်းများကို တစ်နိုင်ငံလုံး ဖြန့်ကြက်လွှမ်းခြုံတည်ဆောက်ပေးခဲ့ကြောင်း၊ ယခုကဲ့သို့ ယခင်ကာလများထက် သာလွန်သည့် အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်မှုများကြောင့် သင်တန်းသား၊ သင်တန်းသူ ဆရာ ဆရာမများကိုယ်တိုင် အဆင့်မြင့်ပညာရပ်ဆိုင်ရာများ ဆည်းပူးသင်ယူနိုင်မှု၊ စဉ်ဆက်မပြတ်လေ့လာသင်ယူနိုင်မှု အခွင့်အလမ်းများရရှိပြီး မျိုးဆက်သစ်လူငယ်များအပေါ် ဆက်လက်ပြုစုပျိုးထောင်မှုများ ဆောင်ရွက်လျက်ရှိနေကြပြီဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပညာရေးကဏ္ဍ၏ရပ်တည်ချက်နှင့်ပတ်သက်ပြီး **“ပညာရေးသည် ပညာရေးအတွက်သက်သက်(Education for the Education's Sake) မဖြစ်စေရဘဲ ပညာရေးသည်နိုင်ငံတော်အတွက် (Education for the State, Education for the Nation)ဖြစ်ဖို့ လိုတယ်လို့ခံယူပြီး နိုင်ငံ အတွက်လက်တွေ့အကျိုးရှိမည့် ပညာရေးစနစ်ဖြစ်လာရအောင် ဦးတည်ဆောင်ရွက်သွားရန်”** ဆိုသည့် မိန့်ကြားချက်ကို အလေးအနက် လိုက်နာကြရမည်ဖြစ်ကြောင်း။

အထောက်အကူပြု

ဆရာ ဆရာမများအနေဖြင့် အနာဂတ်ကာလတွင် နိုင်ငံတော်၏ဖြစ်ပေါ်တိုးတက်မှု အလားအလာများနှင့် ဆက်စပ်ပြီး မိမိတို့ သင်ကြားပို့ချနေသည့် ဘာသာရပ်များ၏ နောက်ဆုံးထပ်မံတွေ့ရှိချက်များ၊ နိုင်ငံတကာနှင့် ဒေသတွင်းဖြစ်ပေါ်ပြောင်းလဲမှုများကို စဉ်ဆက်မပြတ် လေ့လာခြင်းဖြင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်နေမှုများကို အထောက်အကူပြုနိုင်ရေး ကြိုးပမ်းနေကြရန် လိုအပ်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏လိုလားချက်နှင့်အညီ အေးချမ်းသာ ယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို ဖော်ဆောင်ရာတွင် မိမိနိုင်ငံ၏ သမိုင်းဖြစ်ရပ်များအပေါ် အခြေခံပြီး မိမိလူမျိုး၏ ရိုးရာယဉ်ကျေးမှု အစဉ်အလာများနှင့်အညီ တည်ဆောက်ပေးလျက်ရှိကြောင်း။

ဘက်စုံဖွံ့ဖြိုးရေး

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ် ထူထောင်ရာတွင် တည်ငြိမ်အေးချမ်းမှုရှိမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဆိုသည့် ခံယူချက်နှင့်အညီ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်ပြီး နယ်မြေဒေသများအေးချမ်းမှုနှင့်အတူ ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို နယ်စပ်ဒေသများပါမကျန် ဆောင်ရွက်ပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ပေါင်းစည်းသည့် စွမ်းအားများကြောင့် ပြည်တွင်းပြည်ပ အနှောင့်အယှက်အဟန့်အတားအမျိုးမျိုးကို ကျော်လွှားလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို တစ်ခဲနက်အတည်ပြုနိုင်ခဲ့ကြပြီဖြစ်ကြောင်း၊ ဆက်လက်၍လည်း နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ၏ ကျန်ရှိသည့်လုပ်ငန်းစဉ်များကို ပြီးမြောက်အောင်မြင်စွာ ဖော်ဆောင်သွားမည်ဖြစ်၍ မဝေးတော့သည့်ကာလတွင် အနာဂတ်နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်ကြတော့မည် ဖြစ်ကြောင်း။

ရပ်သိမ်း

ယခုကဲ့သို့ နိုင်ငံတော်အတွက် အရေးကြီးသည့်အချိန်ကာလရောက်ရှိနေချိန်တွင် ဆရာ ဆရာမများအနေဖြင့် မိမိတို့ကိုယ်တိုင်ရော ကျောင်းသားကျောင်းသူများအပါအဝင် ပြည်သူလူထု တစ်ရပ်လုံးပါ စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို အစဉ်အမြဲထားရှိ ခံယူနေကြရမည်ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်၏ စိတ်ဓာတ်ရေးရာ ခံယူချက်များသည် အမျိုးသားရေးလမ်းကြောင်းပေါ်တွင် မှန်ကန်တည့်မတ်စွာ တည်ရှိနေသည်နှင့်အမျှ တိုင်းရင်းသားပြည်သူများ၏မျှော်မှန်းချက်ဖြစ်သည့် အနာဂတ်နိုင်ငံတော်သစ်ကို အောင်အောင်မြင်မြင် တည်ဆောက်အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းသို့ တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ ဆရာမ ၃၃၃ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန လုပ်ငန်းကျွမ်းကျင်မှု သင်တန်းဆင်း ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၁၂

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း၏ ဝန်ထမ်းသစ်များ လုပ်ငန်းကျွမ်းကျင်မှုသင်တန်းနှင့် Government Personnel Management System (GPMS) သင်တန်းဆင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ဝန်ကြီးရုံး ရတနာခန်းမ၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးတက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါသင်တန်းဆင်းပွဲသို့ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ စွမ်းအင်စီမံရေးဦးစီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်းနှင့် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ၊ သင်တန်းသား ဝန်ထမ်းသစ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားကိုယ်စားလှယ်များထံ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

မီးဘေးရှောင် မလောင်ခင်တား

■ *ကျောဖုံးမှ*

အခြားငါးများကဲ့သို့ ဝမ်းဗိုက်ပိုင်းတွင် မရှိဘဲ ခန္ဓာကိုယ်အပေါ်ပိုင်း၌ ပါရှိလေသည်။ ရေယက်နှစ်ခုမှာ အရောင်လေးမျိုးခန့် ပေါင်းစပ်ပါဝင်နေသည်။

ဘာရီလီယက်စ်ဟု အမည်ပေးထားသော ယင်းငါးမျိုးသည် အကောင်အရွယ် အစားသေးငယ်ပြီး ပင်လယ်နှင့် သမုဒ္ဒရာ ရေမျက်နှာပြင်အောက် ပေ ၃၀၀၀အနက်၌သာ သွားလာကျက်စားနေထိုင်လေ့ရှိကြသည်။ သက်တမ်းအားဖြင့် ဘာရီလီယက်စ် ငါးမျိုးစိတ်မှာ သက်တမ်း ၁၂၀ ခန့်ရှိကြောင်း သုတေသနပညာရှင်များက ခန့်မှန်းကြသည်။

အလိုအလျောက်

ထူးခြားသည်မှာ ဘာရီလီယက်စ်ငါးတွင် မျက်မှန်များသဘာဝအလျောက်ပါရှိနေခြင်း ဖြစ်သည်။ စတင်မွေးဖွားချိန်၌ ၎င်းမျက်မှန်များ တစ်ပါတည်း ပါရှိခဲ့ခြင်း မဟုတ်သော်လည်း တဖြည်းဖြည်းနှင့် သက်တမ်းရလာသည့် အခါအလိုအလျောက် ထွက်ပေါ်လာခြင်း ဖြစ်သည်။

မျက်မှန်များ သဘာဝအလျောက် ထွက်ပေါ်လာခြင်းမှာ ဘာရီလီယက်စ်ငါးမျိုးများ၏ မူလမျက်စိမှာ အမြင်ဓာတ်ကောင်းစွာ မရရှိသဖြင့် အမြင်ကောင်းစေရန် သဘာဝကဖန်တီး ပေးထားခြင်းပင်ဖြစ်သည်။

ဘာရီလီယက်စ်ငါးမျိုးကို ပြီးခဲ့သည့်နှစ်က တွန်ဂါနိုင်ငံကမ်းလွန်ရေအောက်၌ တွေ့ရှိခဲ့ရသော်လည်း သေချာစွာ မှတ်တမ်းတင်နိုင်ခဲ့ခြင်း မရှိကြောင်း သိရသည်။

ရေပျော်သတ္တဝါ

ဂျာမန်သုတေသန ပညာရှင်များ၏ လေ့လာချက်အရ ယင်းငါးမျိုးစိတ်သည် လွန်ခဲ့သော နှစ်ပေါင်းသန်း ၅၀၀ခန့်က ဖြစ်ပေါ်ခဲ့သော ကျောရိုးရှိသတ္တဝါများ ပြောင်းလဲမှု ဖြစ်စဉ်အရ နောက်ဆုံးဖြစ်ပေါ်ခဲ့သော ရေပျော်သတ္တဝါတစ်မျိုးပင် ဖြစ်သည်ဟု ဆိုသည်။

ယခုအခါ အဆိုပါ ငါးမျိုးကို အတ္တလန္တိတ်သမုဒ္ဒရာ၊ ပစိဖိတ်သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာတို့၏ ရေနက်ပိုင်းတွင် အကောင်ရေ အနည်းငယ်ဖြင့် အုပ်စုဖွဲ့ နေထိုင် ကျက်စားလျက်ရှိသည်ကို လေ့လာတွေ့ရှိရသည်။

အလင်းတန်း

ဘာရီလီယက်စ် ငါးတွင်ပါဝင်သော မျက်မှန်များမှာ ရှေ့မှအရာဝတ္ထုကို သဲကွဲပြတ်သားစွာ မြင်တွေ့နိုင်ရေး ကြည့်ရှုရာတွင် အသုံးပြုကြောင်း၊ ထို့အပြင် ၎င်းမျက်မှန်မှ ထွက်ရှိသော အလင်းတန်းဖြင့်လည်း အစားအစာများ ရှာဖွေစားသောက်ခြင်း၊ သွားလာခြင်းများ ပြုလုပ်ကြကြောင်း သိရသည်။ **ကိုးကား-အင်တာနက်**

ကျုံပျော် အထက အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၂

ဆဋ္ဌမအကြိမ်မြောက် ကျုံပျော် အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျုံပျော် အထက အောင်ဆန်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသက်၆၀ပြည့် အငြိမ်းစားယူပြီးသွားကြသော ဆရာကြီး ဆရာမကြီးများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံကြွရောက်ကြပါရန်နှင့် ဖေဖော်ဝါရီ ၇ရက် (စနေနေ့) နံနက် ၇နာရီအရောက် လှိုင်သာယာ ဒဂုံဧရာအဝေးပြေးစခန်း ခေတ်မီကားဂိတ်သို့ ကြွရောက်ကြပါရန်နှင့် အလှူငွေများကို ကျောင်းသား ကျောင်းသူဟောင်းများသည် ဦးအင်းဟော် ဖုန်း-၀၄၆-၅၆၀၁၆၊ ဦးလှဦး ဖုန်း-၀၉-၅၁၄၆၉၉၅၊ ဗိုလ်ကြီးစိန်သန်း(ငြိမ်း) ဖုန်း-၀၉-၅၃၅၀၈၆၃၊ ဒေါ်ခင်စန်းမြင့် ဖုန်း-၀၁-၇၀၀၇၅၇၊ ဒေါ်ကြူကြူသင်း ဖုန်း-၆၈၆၂၁၉၊ ဦးပြုံးချို ဖုန်း-၀၉-၈၅၈၆၅၅၂၊ ဒေါက်တာမင်းဆောင်(ပုသိမ်) ဖုန်း-၀၄၂-၂၄၂၉၀၊ ဦးမြဟန်(ရွှေမိုးဆောင်း) ဖုန်း-၀၄၆-၅၆၁၇၇၊ ဦးထွန်းဝင်း(အတွင်းရေးမှူး) ကျုံပျော်တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျောက်ဆည် ပျိုးဥယျာဉ် တိုင်း စည်ပင်ညွှန်မှူး ကြည့်ရှုစစ်ဆေး

ကျောက်ဆည် ဇန်နဝါရီ ၁၂

မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုးတို့ ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခရိုင်ပျိုးခြံတွင် ပျိုးထောင်ထားရှိသော ပန်းအလှပင်၊ အရိပ်ရပင်များ ကြည့်ရှုစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးမျိုးသိန်းနှင့် တာဝန်ခံ အင်ဂျင်နီယာမှူး ဦးကျိုးလျှန်ဖွိုင်းတို့က ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၂

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၅၀)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ မြောက်ဦးမြို့တွင် နိုင်ငံတကာအဆင့်မီ ဟိုတယ်တစ်လုံးဖွင့်လှစ်၊ GSM Sim Card များကို FEC နှင့် FEC ပေါက်ဈေးတို့ဖြင့် မရောင်းချသော ဖုန်းအရောင်းဆိုင်များကို လုပ်ငန်းလိုင်စင်ပိတ်သိမ်းမည်၊ ဩစတြေးလျက ကြီးမှူးကျင်းပသော ကမ္ဘာ့ဓာတ်ပုံပြိုင်ပွဲတစ်ရပ်တွင် မြန်မာနိုင်ငံက ဆုအများဆုံးရရှိ၊ သားစိုးနှင့် ငယ်ငယ်တို့၏ စေ့စပ်မင်္ဂလာညှော်ခံပွဲ မြင်ကွင်းအပြည့်အစုံ၊ အဆိုတော် လေးဖြူ၏ ဖျော်ဖြေပွဲ မန္တလေးမြို့၌ မကြာမီကျင်းပမည်၊ ကြက်ပုံမကျစည်ကားခဲ့တဲ့ ရဲလေးရဲ့ ၂၅နှစ်မြောက် မွေးနေ့ပွဲ မြင်ကွင်းစုံ၊ တယောနှင့် ဆိုင်း၊ စောင်း၊ ပတ္တလားတို့ တွဲဖက်တီးခတ်မှုကို ပထမဆုံးအကြိမ် တင်ဆက်၊ မော်တော်ကားတွင်း၌ တပ်ဆင်အသုံးပြုနိုင်သော Microwave များ ရေပန်းစားလာ၊ ရုပ်ရှင်ရုံထဲ၌ တကယ့်မြင်းတစ်ကောင် ဘွားခနဲပေါ်လာ၊ မြေကြီးထဲ၌ ရှာဖွေတွေ့ရှိရသော စိန်တုံးငယ်များအကြောင်း လွန်ခဲ့သည့်နှစ်ပေါင်း ၁၃၀၀၀ခန့်က ကမ္ဘာမြေသို့ ဥက္ကာခဲကြီးတစ်ခုဝင်ဆောင့်ခဲ့၍ အစောဆုံးလူသားများ မျိုးတုံးခဲ့ရကြောင်း သိရ၊ လွန်ခဲ့သော နှစ်ပေါင်း၄၀ ကျော်ကတည်းက ကွဲကွာသွားသော မောင်နှမအရင်းတို့ ကိုက် ၃၀၀ အကွာအဝေးအတွင်း နေထိုင်ကြသော်လည်း တစ်ဦးနှင့် တစ်ဦး မသိခဲ့ကြ၊ မြေပြင်အခြေစိုက် ဘိုးအင်းလေယာဉ်ပျံကြီးကို အဆောင်အဖြစ်အသုံးပြု၊ မွန်ဘိုင်း တိုက်ခိုက်ခံရမှုတွင် ပါကစ္စတန်က ကျောထောက်နောက်ခံ ပြုပေးခဲ့သည်ဟု အိန္ဒိယဝန်ကြီးချုပ်က အခိုင်အမာပြောကြား၊ နို့မှုန့်ထဲ မယ်လမင်းထည့်ခဲ့သော ကုမ္ပဏီပိုင်ရှင် မယ်လမင်းဆိပ်သင့်ပြီ၊ အသက်ရှစ်နှစ်အရွယ် အသက်ငယ်ဆုံး ကထိကလေး၊ လွန်ခဲ့သည့် ၁၅နှစ်က သေဆုံးခဲ့သော နွားသိုးတစ်ကောင်ကို ပုံတူမျိုးပွားခြင်းနည်းဖြင့် ပြန်လည်မွေးဖွားနိုင်ပြီ၊ အာဆီယံထိပ်သီးဆွေးနွေးပွဲ ကျင်းပမည့် အစီအစဉ်ကို ထိုင်းအစိုးရ ထပ်မံပြင်ဆင်၊ ဒေါ်လာသုံးသန်းကို သင်္ဘောပေါ်သို့ လေထီးဖြင့်ချပေးပြီး ကမ္ဘာ့အကြီးဆုံး ရေနံတင်သင်္ဘောကို ပြန်လည်ရွေးယူ၊ ငွေများကိုယူကာ ပြန်လည်ထွက်ခွာသွားသော ဆိုမာလီပင်လယ်ဓားပြအချို့ လှေမှောက်၍သေဆုံး၊ မြေအောက်ဥမင်လိုဏ်ခေါင်းအတွင်း အလွန်ပြင်းထန်စွာ ယာဉ်တိုက်မှုဖြစ်ပွားခဲ့သော်လည်း စီရီနယ်ဒိုဒဏ်ရာရခြင်း မရှိ၊ အစ္စရေးတို့ ကမ္ဘာ့ကုလသမဂ္ဂ၏ တရားစွဲဆိုမှုခံရမည်၊ ဂါဇာကမ်းမြောင်ဒေသတိုက်ပွဲ၌ သေဆုံးသူ ပါလက်စတိုင်း ၉၀၀ကျော်ပြီ…စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံကို မေတ္တာလက်ဆောင် အချပ်ပို ရှစ်မျက်နှာနှင့်အတူ ထည့်သွင်းဖော်ပြထားကြောင်းနှင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘောလုံး နည်းပြဆရာ လက်မှတ်များ ပေးအပ်

ရန်ကုန် ဇန်နဝါရီ ၁၂

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) ဘောလုံးဒိုင်လူကြီး အသိအမှတ်ပြု တံဆိပ်များ၊ အာရှဘောလုံးအဖွဲ့ချုပ် အသိအမှတ်ပြု ဘောလုံးနည်းပြဆရာ အောင်လက်မှတ်နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အသိအမှတ်ပြု ဘောလုံးနည်းပြဆရာ လက်မှတ်များ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီက သုဝဏ္ဏရှိ Goal ဟိုတယ်၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဘဏ္ဍာရေးမှူး ဦးသန်းဇော်က အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဒိုင်ကော်မတီဥက္ကဋ္ဌ ဦးတင်အောင်(ဂိုး)က ၂၀၀၉ခုနှစ်အတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)အသိအမှတ်ပြု အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီး အမျိုးသား လေးဦး၊ အမျိုးသမီး သုံးဦး၊ စည်းကြပ်ဒိုင်လူကြီး အမျိုးသား ခြောက်ဦး၊ အမျိုးသမီး လေးဦး၊ ဖူဆယ်ဒိုင်လူကြီး လေးဦးတို့အား ကိုယ်စားလှယ်တစ်ဦးစီကို (FIFA-Referees Badges) တံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဘဏ္ဍာရေးမှူး ဦးသန်းဇော်က အာရှဘောလုံးအဖွဲ့ချုပ် (AFC)၏ 'အေ'လိုင်စင်အဆင့် အောင်မြင်သူ ရှစ်ဦး၊ 'ဘီ'လိုင်စင်အဆင့် အောင်မြင်သူ ကိုးဦး၊ 'စီ'လိုင်စင်အဆင့် အောင်မြင်သူ ၂၄ဦး၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အသိအမှတ်ပြု 'အေ'လိုင်စင်အဆင့် နည်းပြဆရာ ကိုးဦး၊ 'ဘီ'လိုင်စင်အဆင့် နည်းပြဆရာ ၃၂ဦးနှင့် 'စီ'လိုင်စင်အဆင့် နည်းပြဆရာ ၂၈ဦးတို့အား အသိအမှတ်ပြု လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း (၁၅)နှစ်ပြည့် အထိမ်းအမှတ် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ၊ စာတမ်းဖတ်ပွဲနှင့် ပန်းဧကရီပြိုင်ပွဲ ကျင်းပမည်

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု - တိုးလွင်

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းကို ဖွဲ့စည်းထူထောင်ခဲ့သည်မှာ (၁၅)နှစ်ပြည့်ခဲ့ပြီ။ မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း ဖွဲ့စည်းမှုသက်တမ်း (၁၅)နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနား ကျင်းပတော့မည်ဖြစ်သည်။

(၁၅)နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့်ပတ်သက်ပြီး မီဒီယာရှင်းလင်းပွဲတစ်ရပ်ကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်ရှိ ပြည်ထောင်စု အေးရိပ်ငြိမ်ခန်းမ၌ ဇန်နဝါရီ ၁၂ရက် မွန်းလွဲ ၂နာရီက ကျင်းပခဲ့ရာ မြန်မာ့အလင်းသတင်းအဖွဲ့ တက်ရောက်ခဲ့သည်။

မေးမြန်းဖြေကြား

မီဒီယာ ရှင်းလင်းပွဲတွင် အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးတာဝန်ခံ ဦးမြတ်စိုး(မြတ်စိုးလှိုင်)က ဆောင်ရွက်ပြီး မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်းဥက္ကဋ္ဌ ဦးညွန့်ဖေနှင့် ဗဟို

"ပြည်သူတွေ ကျယ်ကျယ်ပြန့်ပြန့် သိစေချင်လို့ပါ"
ဦးညွန့်ဖေ
ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း။

"ဝတ်စားဆင်ယင်မှု အနေနဲ့ မြန်မာဆန်ရမှာ ဖြစ်ပါတယ်"
ဒေါ်နုနုရီ
ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း။

အလုပ်အမှုဆောင်များ တက်ရောက်ကာ မီဒီယာများ မေးမြန်းမှုကို ဖြေကြားခဲ့သည်။

"ဒီအထိမ်းအမှတ် အခမ်းအနားကို ကျင်းပတဲ့ ရည်ရွယ်ချက်က အသင်းရဲ့ (၁၅)နှစ်တာ ဆောင်ရွက်မှုတွေကို မှတ်တမ်းတင်နိုင်ဖို့၊ အသင်း ဖွဲ့စည်းထားတဲ့ ရည်ရွယ်ချက်တွေအပေါ် (၁၅) နှစ်တာ ကာလအတွင်း ဆောင်ရွက်နိုင်ခဲ့မှု အားသာချက်၊ အားနည်းချက်တွေကို ပြန်လည်သုံးသပ်နိုင်ဖို့နဲ့ အသင်းရဲ့လုပ်ငန်းဆောင်ရွက်မှုတွေကို ပြည်သူတွေ ကျယ်ကျယ်ပြန့်ပြန့် သိစေချင်လို့ပါပဲ" ဟု ဥက္ကဋ္ဌ ဦးညွန့်ဖေက ရှင်းပြသည်။

၁၅နှစ်ပြည့်

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းကို ၁၉၉၃ခုနှစ် အောက်တိုဘာ ၂၀ရက်က စတင်ဖွဲ့စည်းခဲ့ရာ ၂၀၀၈ခုနှစ် အောက်တိုဘာ ၂၀ရက်၌ ၁၅နှစ်ပြည့်ခဲ့ပြီ ဖြစ်သည်။ ၂၀၀၃ခုနှစ်က အသင်း၏ (၁၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို ကျင်းပနိုင်ခဲ့ပြီး ယခုအခါ (၁၅)နှစ်ပြည့် အခမ်းအနားကို ကျင်းပတော့မည် ဖြစ်သည်။

"အသင်းရဲ့ (၁၅)နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်မှာ ဇန်နဝါရီ ၃၀ရက်မှ ဖေဖော်ဝါရီ ၃ရက်အထိ ကျင်းပမှာဖြစ်ပါတယ်။ သစ်သီးဝလံပန်းမန်ပြိုင်ပွဲ၊ လက်တွေ့ ပန်းအလှပြင်ခြင်း၊ သစ်သီး အလှပြင်ခြင်း၊ စာတမ်းဖတ်ပွဲ၊ ဓာတ်ပုံနဲ့ ပန်းချီပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲ၊ စင်တင်တေးဂီတ၊ ဈေးရောင်းပွဲတော်၊ ပန်းဧကရီ အလှမယ်ပြိုင်ပွဲ၊ နေရာ အလှပြင်ဆင်မှု ပြိုင်ပွဲ စတဲ့ပွဲတွေ ခင်းကျင်းပြသသွားမှာ ဖြစ်ပါတယ်" ဟု ဥက္ကဋ္ဌ ဦးညွန့်ဖေက ပြောပြသည်။

ပန်းဧကရီပြိုင်ပွဲ

ပြိုင်ပွဲများကို ဇန်နဝါရီ ၃၀ရက်မှ စတင်ကာ ဖေဖော်ဝါရီ ၃ရက် မွန်းလွဲ ၁နာရီ၌ ဆုပေးပွဲကျင်းပကာ ဆုများ ပေးမည်ဖြစ်ကြောင်း သိရသည်။ ပန်းဧကရီ

"ပွဲတော်လာ ပြည်သူများအား ပျော်ရွှင်စရာ ပြိုင်ပွဲတွေ ထည့်သွင်းထားပါတယ်"
ဦးသန်းအောင်
ဗဟိုအလုပ်အမှုဆောင်။

ပြိုင်ပွဲနှင့်ပတ်သက်ပြီး **"ပြိုင်ပွဲဝင် အမျိုးသမီးတွေအနေနဲ့ အသက် ၃၀အောက်ဖြစ်ရမယ်။ အနိမ့်ဆုံး အရပ်၅ပေ ၃လက်မဖြစ်ရမယ်။ ဝတ်စားဆင်ယင်မှုအနေနဲ့ မြန်မာဆန်ရမှာဖြစ်သလို ပြည်တွင်းမှာ ဖူးပွင့်တဲ့ ပန်းတွေနဲ့ တန်ဆာဆင်ထားတဲ့ ဝတ်စားဆင်ယင်မှုဖြစ်ရမယ်"** ဟု မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်နုနုရီက ပြောပြသည်။

ပန်းဧကရီ ပြိုင်ပွဲဝင်များအနေဖြင့် အသင်းတွင် ပုံစံများရယူကာ လိုအပ်သည့် အချက်များဖြည့်စွက်ပြီး ဇန်နဝါရီ ၃၀ရက် ညနေ ၄နာရီ အရောက် နောက်ဆုံး လျှောက်လွှာပေးပို့ရမည် ဖြစ်သည်။ ထို့အပြင် ပန်းအလှပြိုင်ပွဲအတွက် သဇင်၊ ပြည်တွင်း ပြည်ပ သစ်ခွအမျိုးမျိုး၊ ရှားစောင်းအုပ်စု၊ ရွက်လှ စသည့် ပြိုင်ပွဲဝင်ပန်းများကို ဇန်နဝါရီ ၂၉ရက် ညနေတွင် အရောက်ပေးပို့ရမည် ဖြစ်သည်။

တစ်ဖန် ပန်းအလှပင်ပြိုင်ပွဲအတွက်လည်း နှစ်ရှည်ပန်း၊ ရာသီပန်း၊ ဟင်းသီး၊ သစ်သီး စသည့် အသီးပါ အပင်များကို ဇန်နဝါရီ ၃၁ရက် ညနေ ၆နာရီထက် နောက်မကျဘဲ ပေးပို့ရမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲ

ထို့အပြင် စာတမ်းဖတ်ပွဲများနှင့်ပတ်သက်၍လည်း **"ဇန်နဝါရီ ၃၀ရက်နဲ့ ၃၁ရက်တွေမှာ စာတမ်းဖတ်ပွဲတွေ ကျင်းပမယ်။ နေ့စဉ် နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ တစ်နေ့ကို စာတမ်းရှင်လေးဦး**

"ဘာသာရပ်အလိုက် ကျွမ်းကျင်သူတွေ ပါဝင် ဖတ်ကြားနိုင်ပါတယ်"
ဦးကျော်ညွန့်
ဗဟိုအလုပ်အမှုဆောင်။

ဟောပြောကြမယ်၊ ပြိုင်ပွဲဝင်တွေအနေနဲ့ တက္ကသိုလ်နဲ့ကောလိပ်အသီးသီးကပြိုင်ပွဲဝင်တွေအပြင် ဘာသာရပ်အလိုက် ကျွမ်းကျင်သူတွေ ပါဝင်ဖတ်ကြားနိုင်ပါတယ်။ သစ်သီးဝလံ ပန်းမန်နဲ့ပတ်သက်တဲ့ စာတမ်းတွေဟာ နည်းပညာပိုင်းလျှော့ပြီး အများပြည်သူလက်ခံနိုင်တဲ့ စာတမ်းမျိုးဖြစ်ဖို့ လိုပါတယ်။ စာတမ်းရှင်တစ်ဦးကို မိနစ်၃၀ သတ်မှတ်ပေးထားပြီး မေးမြန်းမှုက အချိန် ၁၅မိနစ် ပေးထားမှာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း ဗဟိုအလုပ်အမှုဆောင် ဦးကျော်ညွန့်က ပြောပြသည်။

တစ်ဖန် ပန်းချီနှင့် ဓာတ်ပုံပြိုင်ပွဲများလည်း ပါဝင်မည်ဖြစ်ရာ **"ဓာတ်ပုံပြိုင်ပွဲမှာ နှစ်မျိုး သတ်မှတ်ထားပါတယ်။ ပြည်တွင်း ပန်းအလှတွေနဲ့ တိုင်းရင်းသူအလှ ဓာတ်ပုံဖိတ်ခေါ်ပြိုင်ပွဲနဲ့ ပွဲတော်ကာလအတွင်း လှုပ်ရှားမှု ဓာတ်ပုံပြိုင်ပွဲ ဖြစ်ပါတယ်။ ပန်းချီပြိုင်ပွဲမှာတော့ လှျပ်တစ်ပြက် ပန်းချီရေးဆွဲမှု၊ သစ်သီးနဲ့ပန်းတွေကို စားပွဲပေါ်တင်ပေးထားပြီး ပန်းချီရေးဆွဲစေမှုနဲ့ ဆေးရောင်စုံ ခြယ်ရမယ့် ပြိုင်ပွဲတွေ ဖြစ်ပါတယ်။ လူငယ်တွေအတွက် စီစဉ်တဲ့ပွဲပါပဲ"** ဟု မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း ဗဟို အလုပ်အမှုဆောင် ဦးကြီးမြင့်က ရှင်းပြသည်။

အဆိုပါ ပန်းချီပြိုင်ပွဲဝင်မည့်သူများသည် ကိုယ်ပိုင်ဆေး၊ စက္ကူဖြင့် ပြိုင်ပွဲဝင်ရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင် ပုံစံ လျှောက်လွှာများကို မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းရုံး၌ ရယူနိုင်ကြောင်း သိရသည်။

"လူငယ်တွေအတွက် စီစဉ်တဲ့ ပွဲပါပဲ"
ဦးကြီးမြင့်
ဗဟိုအလုပ်အမှုဆောင်။

ပျော်ပွဲရွှင်ပွဲ

ထို့အပြင် ပျော်ပွဲရွှင်ပွဲ အနေဖြင့် ပွဲတော်လာ ပြည်သူများအား စီစဉ်ပေးမှုအပေါ် **"မြားပစ်ပြိုင်ပွဲ၊ ချောတိုင်တက်၊ ခေါင်းအုံးရိုက် စတဲ့ ပျော်ရွှင်စရာပြိုင်ပွဲတွေ ထည့်သွင်းထားပါတယ်။ ချောတိုင်တက်ပွဲမှာဆိုရင် ဆိုင်းတီးပေးပြီး ပြိုင်ပွဲဝင်များ စိတ်ဓာတ်တက်ကြွအောင် ဖြည့်ဆည်း ဆောင်ရွက်ပေးမှာပါ၊ ချောတိုင်ကို အောင်မြင်စွာ တစ်ကြိမ်တက်နိုင်ရင် ဆုငွေ ကျပ် ၃၀၀၀၀ ချီးမြှင့်ပေးသွားပါမယ်"** ဟု မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း ဗဟိုအလုပ်အမှုဆောင် ဦးသန်းအောင်က ရှင်းပြသည်။

ပြိုင်ပွဲများကိုပိုမိုစည်ကားသိုက်မြိုက်စေရန် ပါဝင် ပူးပေါင်းဆောင်ရွက်လိုသော စီးပွားရေးလုပ်ငန်းများကိုလည်း စီစဉ် ဆောင်ရွက်ပေးမည်ဖြစ်သည့်အပြင် ပြည်သူများအနေဖြင့် ပန်း၊ သစ်သီး၊ မျိုးစေ့များကို ဝယ်ယူနိုင်အောင် စီစဉ်ပေးထားမည်ဖြစ်ရာ ပြည်သူများ စိတ်ချမ်းမြေ့ ပျော်ရွှင်စွာ ဆင်နွှဲနိုင်မည့်ပွဲ ဖြစ်ပါကြောင်း သတင်းစကား ပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား

၁၃-၁-၂၀၀၉ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
  - ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
- ၇:၁၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အဆိုပြိုင်ပွဲ
- ၇:၅၀ ၅။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
- ၈:၀၀ ၆။ အကပြိုင်ပွဲ
- ၈:၁၅ ၇။ **မင်းမသိသေးပါဘူးကွာ** ဧရာ၊ ၄က်ပျောကြော်၊ ချစ်စရာ၊ ကြူကြူသင်း၊ အေးအေးခိုင် (ဒါရိုက်တာ-ဆွေဇင်ထိုက်)
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၄:၁၀ ၂။ အတီးပြိုင်ပွဲ
- ၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄:၃၀ ၄။ တေးဂီတအစီအစဉ်
- ၄:၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၁၀ ၇။ ရေဘုတ်ရေလှောင်တမံ
- ၅:၂၅ ၈။ နှောင်းခေတ်တေးပဒေသာ
- ၅:၃၅ ၉။ နိုင်ငံ့စီးပွား အလေးထား ကျေးလက်ထုတ်ကုန်များ
- ၅:၄၅ ၁၀။ အဆိုပြိုင်ပွဲ
- ၅:၅၀ ၁၁။ တေးဂီတအစီအစဉ်
- ၆:၀၀ ၁၂။ ညနေခင်းသတင်း
- ၆:၃၀ ၁၃။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၄။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၆:၅၀ ၁၅။ ဆိုလိုက်ကြစို့
- ၇:၀၅ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **နွဲ့ဆိုးဆိုးသူကိုယ့်ချစ်သူ** (အပိုင်း-၃)
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
  - ၁၈။ နိုင်ငံတကာသတင်းများ
  - ၁၉။ မိုးလေဝသအခြေအနေ
  - ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြင့်မြတ်နှလုံးသားပိုင်ရှင်** (အပိုင်း-၁၈)
  - ၂၁။ အစီအစဉ်ပြီး၏။

ဘာကြောင့်နိုင်သလဲဆိုတာ ခြေစွမ်းကသက်သေပြခဲ့

မန်ယူနည်းပြ-ဖာဂူဆန်

အံ့အားသင့်စရာကောင်းတဲ့ ရလဒ်ပါပဲ

ချယ်လ်ဆီးနည်းပြ-စကိုလာရီ

အားကစားသတင်းမှတ်စု - မောင်ချစ်ကြည်

လန်ဒန် ဇန်နဝါရီ ၁၂

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ ပရီမီယာလိဂ်ဖလားရရှိရေးအတွက် အရေးပါသော မန်ယူနှင့် ချယ်လ်ဆီးတို့၏ ဒုတိယအကျော့ပွဲစဉ်၌ မန်ယူတို့ သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ရာ ယခုနှစ်ဖလားအတွက် အလားအလာ အကောင်းဆုံးအဖြစ် မန်ယူအသင်း ရေပန်းစားလာခဲ့ပြီဖြစ်သည်။

မန်ယူတို့ အိုးထရက်ဖို့ဒ်၌ အနိုင်ရယူခဲ့သည့်ပွဲနှင့်ပတ်သက်ပြီး ဖာဂူဆန်က **"ကျွန်တော်တို့ဘာကြောင့်နိုင်သလဲဆိုတာကတော့ ကစားခဲ့တဲ့ ခြေစွမ်းက သက်သေပြခဲ့ပါပြီ။ ဒီပွဲကို ကျွန်တော်တို့အနိုင်ကစားဖို့ဆိုတာ လွန်ခဲ့တဲ့သီတင်းနှစ်ပတ်လောက်ကတည်းက ပြင်ဆင်ခဲ့တာပါ။ ဒီပွဲအနိုင်ရရမယ်လို့ ကျွန်တော့်လူတွေရဲ့ စိတ်ဓာတ်ကို အမြင့်ဆုံးတင်ပေးထားခဲ့ပါတယ်။ ဒီပွဲမှာ ကျွန်တော့်ကစားသမားတွေ စိတ်ဓာတ်ကောင်းကောင်းနဲ့ ကစားနိုင်ခဲ့ကြတာမို့ ဂိုးပြတ်သွင်းနိုင်ခဲ့တယ်လို့ ပြောရမှာပါပဲ။ အခုဆိုရင် ကျွန်တော်တို့လက်ထဲမှာ နှစ်ပွဲလက်ကျန်ရှိနေပါတယ်။ ဒီပွဲတွေ အနိုင်ကစားလိုက်ပြီး တန်းစီဇယားကို ရာသီကုန်အထိ ဦးဆောင်သွားဖို့ ရည်ရွယ်ထားပါတယ်"** ဟု ပြောကြားခဲ့သည်။

မန်ယူအသင်းသည် လက်ရှိတန်းစီဇယားထိပ်ဆုံးမှ လီဗာပူးအသင်း စတုတ်နှင့်သရေကျခဲ့ရာ အခွင့်အရေးကောင်းတစ်ခုဖြစ်ခဲ့သည်။ ချယ်လ်ဆီးနှင့် ကစားခဲ့သောခြေစွမ်းအတိုင်း မန်ယူတို့ဆက်ထိန်းနိုင်ခဲ့လျှင် မန်ယူကို ပြိုင်ဘက်များအနိုင်ရရန် မလွယ်ချေ။

"တိုက်စစ်မှူးတွေကလည်း ဆန္ဒတွေစောနေခဲ့တယ်"

စကိုလာရီ

"ကျွန်တော့်လူတွေစိတ်ဓာတ် ကောင်းကောင်းနဲ့ ကစားနိုင်ခဲ့ တယ်"

ဖာဂူဆန်

"မန်ယူခြေစွမ်းကထူးခြားမှု သိပ်မရှိပါဘူး"

မော်ရင်ဟို

မန်ယူကို သုံးဂိုးပြတ်ရှုံးပြီး ပရီမီယာလိဂ်ဖလားရယူရေး အိပ်မက်ဝေဝါးခဲ့ရသည့် ချယ်လ်ဆီးနည်းပြစကိုလာရီက "အံ့အားသင့်စရာကောင်းတဲ့ ရလဒ်ပါ။ မယုံကြည်နိုင်အောင် ဖြစ်ရတဲ့ပွဲပါပဲ။ ဒီပွဲမှာ ချေပဂိုးတစ်ဂိုးတောင် မသွင်းနိုင်ခဲ့တာကတော့ ကျွန်တော့်တိုက်စစ်မှူးတွေ ဆန္ဒစောခဲ့လို့ပါပဲ။ မန်ယူတို့ခြေစွမ်းက ဒီလောက်မကောင်းပါဘူး။ အိမ်ကွင်းဆိုတဲ့ အားသာချက်ပဲရှိပါတယ်။ ဒါပေမယ့် မန်ယူဟာ ဖလားကာကွယ်နိုင်တဲ့ ခြေစွမ်းရှိတယ်ဆိုတာကတော့ လက်ခံပါတယ်။ ဘောလုံးပွဲ တစ်ပွဲရဲ့ ရလဒ်က ခန့်မှန်းရခက်ပြီး ပရီမီယာလိဂ်ဖလားရရေးအတွက်က ဆုံးဖြတ်ဖို့အချိန်စောပါသေးတယ်။ ကျွန်တော်တို့အခွင့်အရေးကောင်းတွေ ကြုံရဦးမှာပါ"ဟု ပြောကြားသည်။

အဝေးကွင်းရှုံးပွဲ

ချယ်လ်ဆီးသည် ယခုနှစ်တွင် အဝေးကွင်း၌ ပထမဆုံးရှုံးပွဲ ဖြစ်သည်။ ယခုပွဲ အရှုံးရလဒ်မှာ ချယ်လ်ဆီးဘောလုံးသမားများ၏ စိတ်ဓာတ်ကို ထိခိုက်စေခဲ့ပြီဖြစ်ရာ နောက်ပွဲစဉ်များအတွက် နည်းပြစကိုလာရီအနေဖြင့် စိတ်ဓာတ်မြှင့်တင်မှုကို မလွဲမသွေပြုလုပ်ရမည် ဖြစ်သည်။

မန်ယူအသင်းကစားခဲ့မှုမှာ အရေးကြီးသောပွဲစဉ်၌ အတွေ့အကြုံရှိသည့် လူဟောင်းများနှင့် အသားကျနေသော လူငယ်ကစားသမားများကို ဟန်ချက်ညီစွာ ပွဲထွက်ကစားစေခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မန်ယူတို့ ပွဲစဉ်တစ်ခုလုံး အမှားအယွင်းနည်းစွာ ကစားနိုင်ခဲ့ခြင်းဖြစ်သည်။

ထိုက်တန်

မန်ယူနှင့်ချယ်လ်ဆီးတို့ပွဲအား လာရောက်ကြည့်ရှုခဲ့သည့် ချယ်လ်ဆီးနည်းပြဟောင်းနှင့် အင်တာမီလန်နည်းပြမော်ရင်ဟိုက "မန်ယူအသင်း အနိုင်ရတာ ထိုက်တန်ပါတယ်။ ချယ်လ်ဆီးအသင်း ကစားပုံကတော့ သာမန်အနေအထားပဲရှိတာမို့ မန်ယူတို့ ဂိုးပြတ်နိုင်သွားတာပါ။ အမှန်အတိုင်း ပြောရရင် မန်ယူခြေစွမ်းက အရင်ကလိုပဲ ထူးခြားမှု သိပ်မရှိပါဘူး၊ ဒါပေမယ့် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ကျွန်တော်တို့ နှစ်သင်းဆုံရင်တော့ ဘယ်လိုအဖြေထွက်လာမလဲဆိုတာ အကဲခတ်လို့ရကြမှာပါ"ဟု ပြောကြားခဲ့သည်။

အလေးထားရမည်

မော်ရင်ဟိုက မန်ယူအသင်း၏ခြေစွမ်းမှာ စိုးရိမ်စရာမလိုသော်လည်း အလေးထားရမည်ဟု ထပ်မံပြောကြားသွားရာ ချန်ပီယံလိဂ်ဖလားကာကွယ်နိုင်သည့်ခြေစွမ်း မန်ယူ၌ရှိကြောင်း တစ်စိတ်တစ်ဒေသ လက်ခံလိုက်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် မန်ယူအသင်း လက်ရှိခြေစွမ်းအတိုင်း အတိမ်းအစောင်းမရှိ ရာသီကုန်အထိ ခရီးနှင်ရန်လိုအပ်နေပေသည်။ ။

(အင်တာနက်)

အသုံးချစာရင်းအင်းနှင့် အုပ်ချုပ်မှုပညာသင်တန်းဆင်း

ရန်ကုန် ဇန်နဝါရီ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီက ကြီးမှူးဖွင့်လှစ်သည့် "အသုံးချစာရင်းအင်းနှင့် အုပ်ချုပ်မှုပညာသင်တန်း" (Applied Accounting and Management Course Level-1) နှင့်ဂျပန်ဘာသာသင်တန်း (Koeki Japanese Language Course-Batch-3) သင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၉ရက် မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်၂၉ ရှိ UMFCCI Office Tower မဂ်လာခန်းမ၌ ကျင်းပသည်။

အမှာစကား

အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်နှင့် ဂျပန်သင်တန်းဆရာ Mr. Koji Ishimaru တို့က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်က သင်တန်းကိစ္စများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းဆင်းလက်မှတ်များကို အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များနှင့် ပညာရေးကော်မတီဝင်များကပေးအပ်သည်။ **(အပေါ်ပုံ)** သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး သင်တန်းဆင်းပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

(သတင်းစဉ်)

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ရာဇာဓိရာဇ်အိမ်ရာနေ

ဦးမျိုးသိန်း-ဒေါ်ဖွားကြည်တို့၏သား

ဗိုလ်မှူးကျော်စွာထွန်း B.Sc (D.S.A)

တပ်မတော်(ရေ)

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပြည်ထောင်စုလမ်းနေ

ဦးထင်အောင်(TAW WINN Co.,Ltd.)-ဒေါ်ခင်စမ်းကြည်တို့၏

တစ်ဦးတည်းသောသမီး

ညောင်တုန်းမြို့၊ လမ်းမတော် ၁၁ လမ်းနေ

ဒေါ်ခင်မျိုးလှိုင်(ခ)အန်တီပို၏တူမသမီး

မဇွန်ဝင့်ဝင့်ထင်

B.Sc (Physics)

တို့သည် ၈-၁-၂၀၀၉ ရက်တွင် နှစ်ဖက်သော မိဘတို့၏သဘောတူညီချက်အရ တရားရုံးချုပ် တရားသူကြီး ဦးခင်မြင့်၏ရှေ့မှောက်၌ ကတိသစ္စာပြုလက်မှတ်ရေးထိုးခဲ့ပြီး မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၌ ၁၁-၁-၂၀၀၉ရက်တွင် ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေး အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့်အားလည်းကောင်း၊ စစ်ဘက်၊ နယ်ဘက်မှ ဂုဏ်သရေရှိ လူကြီးမင်းများ၊ သူငယ်ချင်းများ၊ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်မှူးကျော်စွာထွန်း-မဇွန်ဝင့်ဝင့်ထင်။

လယ်ယာ/ဆည်မြောင်း နိုင်ပွဲစရပြီး ဆောက်လုပ်ရေးအသင်း အဆင့်လေးနေရာသို့ရောက်ရှိလာသည့် မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံမှတ်တမ်း - ဖိုးသော်ဇင်

ရန်ကုန် ဇန်နဝါရီ ၁၂

၂၀၀၈-၂၀၀၉ခုနှစ် ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းကွင်းနဲ့သုဝဏ္ဏကွင်းတို့မှာ ကျင်းပရာ လယ်ယာ/ဆည်မြောင်းအသင်းနဲ့ ဆောက်လုပ်ရေးအသင်းတို့ အနိုင်ရရှိသွားပါတယ်။

အောင်ဆန်းကွင်း

လယ်ယာ/ဆည်မြောင်း - နှစ်ဂိုး။

Air Bagan F.C - တစ်ဂိုး။

Air Bagan မှ မျိုးလှိုင်ဝင်း၏ ဂိုးသွင်းရန်ကြိုးပမ်းမှုကို လယ်ယာ/ဆည်မြောင်းမှ ရန်မျိုးအောင် ကာကွယ်ဖျက်ထုတ်စဉ်။

(မြန်မာ့အလင်း)

သုံးပွဲဆက်တိုက်ရှုံးပွဲကြုံတွေ့ပြီး အမှတ်ပေးဇယားအောက်ဆုံးကို ရောက်ရှိနေတဲ့လယ်ယာ/ဆည်မြောင်းအသင်းကတော့ တန်းဆင်းဇုန်က လွတ်မြောက်ဖို့ စတင်ရုန်းကန်သွားခဲ့ပါတယ်။ လယ်ယာ/ဆည်မြောင်းအသင်းဟာ ယနေ့ပွဲမှာ ယခင်ပွဲတွေလိုမဟုတ်ဘဲ အတက်အဆင်းမှန်မှန်နဲ့ခြေစွမ်းပြပြီး ပထမဦးဆုံးနိုင်ပွဲကို စတင်ရယူနိုင်ခဲ့ပါတယ်။ တတိယမြောက်ပွဲစဉ်မှာ စွမ်းအင်ကို အရေးနိမ့်ခဲ့တဲ့ Air Bagan F.C ကတော့ ရှုံးပွဲဆက်သွားခဲ့ပါတယ်။ ယခင်အသုံးပြုခဲ့တဲ့ လူစာရင်းထဲက လေးယောက်လောက် အပြောင်းအလဲလုပ်ခဲ့တဲ့ Air Bagan အသင်းရဲ့ ကစားပုံဟာ ယခင်ပွဲတွေကခြေစွမ်းကို မမီခဲ့ပါဘူး။ လယ်ယာ/ဆည်မြောင်းအသင်းဟာ အခုပွဲ အနိုင်ရလဒ်ကြောင့် အဆင့်(၁၂) နေရာအထိ တက်လှမ်းနိုင်ခဲ့ပြီး Air Bagan တို့ကတော့ အဆင့်ကိုးအထိ ကျသွားခဲ့ပါတယ်။

တိုက်စစ်မထိရောက်

ပထမပိုင်းမှာ Air Bagan တို့ ဖိကစားနိုင်ခဲ့ပေမယ့် တောင်ပံနှစ်ဖက်က တိကျတဲ့ Cross တွေ မပေးနိုင်တာကြောင့် တိုက်စစ်ဟာ မထိရောက်ခဲ့ပါဘူး။ အထူးသဖြင့် ညာခြမ်းက စိုးကျော်သူနဲ့ရန်အောင်ဝင်းတို့ခြေမပေါ်ခဲ့တာကတော့ပထမပိုင်းတစ်ပိုင်းလုံး Air Bagan တို့ ဂိုးရဖို့ ခက်ခဲစေခဲ့ပါတယ်။ နိုင်ပွဲမဖြစ်မနေရဖို့ လိုအပ်နေတဲ့ လယ်ယာ/ဆည်မြောင်းတို့ကတော့ ခင်မောင်လွင်ကိုရှေ့တင်ပြီး တိုက်စစ်ကို အသားပေး ကစားခဲ့ပါတယ်။ Air Bagan တို့ ခြေစွမ်းမပြနိုင်တာကြောင့်လည်း လယ်ယာ/ဆည်မြောင်းတို့ အခွင့်အရေးပိုရခဲ့တယ်ဆိုရင် မမှားပါဘူး၊ ၃၃မိနစ်မှာတော့ လယ်ယာ/ဆည်မြောင်းအသင်း ဖွေဆော်ဦးဂိုးရသွားပြီး ဟိန်းရာဇာဝင်းပေးတာကို ခင်မောင်လွင်ဆွဲပြေးပြီးကန်သွင်းခဲ့တာ ဖြစ်ပါတယ်။ ပထမပိုင်းပွဲပြီးခါနီးမှာ လယ်ယာ/ဆည်မြောင်းနောက်ခံလူ သီဟရဲ့ အမှားကနေ Air Bagan တို့ ချေပဂိုးရဖို့ အခွင့်အရေးရခဲ့ပေမယ့် နိုင်ဦးလွင် ဆွဲပြေးပြီး ကန်ရမယ့်အစား အဝေးက ကန်သွင်းခဲ့လို့ ဂိုးသမားပုတ်ထုတ်နိုင်ခဲ့ပါတယ်။

ဒုတိယပိုင်း

ဒုတိယပိုင်း အစမှာတော့ စိုးကျော်သူအစား နည်းပြမျိုးလှိုင်ဝင်းဝင်ကစားပြီး ချေပဂိုးရဖို့ တိုက်စစ်အားမြှင့်ခဲ့ပါတယ်။ ၄၈မိနစ်မှာတော့ Air Bagan အသင်း ချေပဂိုးပြန်ရသွားပြီး မျိုးလှိုင်ဝင်း ခေါင်းတိုက်ချပေးတာကို ဇင်မင်းဦးကကန်သွင်းယူခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာပွဲဟာ အပြန်အလှန်ရှိလာပြီး ၅၈ မိနစ်မှာ လယ်ယာ/ဆည်မြောင်းတို့ အနိုင်ဂိုးရသွားပါတယ်။ ထောင့်ကန်ဘောကနေ လျှံထွက်လာတာကို ခိုင်ထူးကန်သွင်းရာမှာ ဟိန်းရာဇာဝင်းက ရှေ့ကနေလမ်းကြောင်းပြောင်းပြီး သွင်းယူခဲ့တာ ဖြစ်ပါတယ်။ လယ်ယာ/ဆည်မြောင်းတို့ကတော့ ဂိုးရပြီးနောက်ပိုင်းမှာ ခင်မောင်လွင်ကို နောက်ဆင်းကစားခိုင်းပြီး ခံစစ်ကို အသားပေးကစားခဲ့ပါတယ်။ Air Bagan အသင်းဟာ နိုင်ဦးလွင်အစား ဒေးဗစ်ထန်ကို ထည့်ကစားရာမှာ တောင်ပံတိုက်စစ်အားကောင်းလာပေမယ့် ရှေ့မှာတိုးကစားမယ့်သူ မရှိတော့လို့ ဂိုးရဖို့ ခက်ခဲသွားပါတယ်။ လယ်ယာ/ဆည်မြောင်းအသင်းကတော့ ချေပဂိုး ပြန်မပေးရဖို့ ထိန်းကစားပြီး အဖိုးတန်အနိုင်သုံးမှတ်ကို ရယူနိုင်ခဲ့ပါတယ်။

သုဝဏ္ဏကွင်း

ဆောက်လုပ်ရေး - တစ်ဂိုး။

ပြည်ထဲရေး - ဂိုးမရှိ။

ဆောက်လုပ်ရေး အသင်းကတော့ ဒုတိယမြောက်နိုင်ပွဲရယူပြီး အမှတ်ပေးဇယား အဆင့်လေးနေရာအထိ တက်လှမ်းလာနိုင်ခဲ့ပါတယ်။ ဆက်သွယ်ရေးနဲ့ ပြည်ထဲရေးကို အနိုင်၊ မြို့တော်စည်ပင်ကို သရေကစားထားတဲ့ ဆောက်လုပ်ရေးကတော့ အရင်နှစ်ထက် ရလဒ်ကောင်းတွေ စွမ်းဆောင်ထားနိုင်ပါတယ်။ ပြည်ထဲရေးအသင်း ကတော့ သုံးပွဲမြောက်ရှုံးပွဲတွေ့ပြီး အဆင့်(၁၁) အထိ ကျသွားခဲ့ပါတယ်။ ။

ယနေ့ပွဲ

အောင်ဆန်းကွင်း

ကမ္ဘောဇ - မြန်မာ့မီးရထား

သုဝဏ္ဏကွင်း

ဆက်သွယ်ရေး - သစ်တောရေးရာ။

(မြန်မာ့အလင်း)

ကျောက်တန်းမြို့ အထက(၁)နှင့်(၂) (၂၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၂

ကျောက်တန်း အထက(၁)နှင့်(၂)တို့မှ ကျောင်းသားဟောင်းများ၏ (၂၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်(ပြည်ထောင်စုနေ့) နံနက် ၁၁နာရီတွင် သာသနဝေပုလ္လမ္မောရုံ၌ ကျင်းပမည်ဖြစ်ရာ အငြိမ်းစား ဆရာ ဆရာမကြီးများ အပူဇော်ခံ ကြွရောက်ကြပါရန်နှင့် ကျောင်းသားဟောင်းများ အနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေ ထည့်ဝင်လိုသူများသည် ဦးဖေသောင်း-ဒေါ်မြင့်မြင့်စီ ဖုန်း-၀၁-၅၄၅၆၉၉၊ ဦးရဲထွဋ် ဖုန်း-၀၁-၅၄၀၃၈၅၊ ဦးကြည်ညွန့် ဖုန်း-၀၅၆-၂၅၆၄၅၊ ၀၉-၅၁-၆၁၀၀၅၊ ဦးစိုးသန်း ဖုန်း-၀၅၆-၂၅၄၁၂၊ ဦးသောင်းထွဋ်ကျော် ဖုန်း-၀၅၆-၂၅၄၆၉၊ ဦးဟန်စိုး ဖုန်း-၀၅၆-၂၅၁၈၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၁၁၅)

မိုး

အစဉ်သတိပြု

ဖလမ်းမြို့နယ် စည်ပင် ရှခင်းသာလမ်း ကျောက်ချောခင်း

ဖလမ်း ဇန်နဝါရီ ၇

ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးဦးပြေကျော်သည် ဒီဇင်ဘာ ၃၁ရက်က ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဖလမ်းမြို့ ရှခင်းသာလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးလာလ်ဟုပ်ထန်းက လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျုံကဒါတ်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ စာအုပ်များ ပေးအပ်လှူဒါန်းပွဲ ကျင်းပ

သံဖြူဇရပ် ဇန်နဝါရီ ၈

သံဖြူဇရပ်မြို့နယ် ကျုံကဒါတ်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ ဝေါဗ္ဗီးရှင်း(မြန်မာ)အဖွဲ့က တန်ဖိုးငွေကျပ် ၂၈၀၀၀၀ ရှိ သုတ၊ ရသစာအုပ်မျိုးစုံ ၂၀၉အုပ် ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၁၈ရက် နံနက်ပိုင်းက ကျုံကဒါတ်ကျေးရွာ သုတကမ္ဘာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ပေးအပ်

စာအုပ်လှူဒါန်းပွဲတွင် မြို့နယ် ဥက္ကဋ္ဌ ဦးမောင်မောင်ထံသို့ ဝေါဗ္ဗီးရှင်းအဖွဲ့ တာဝန်ခံမှ လှူဒါန်းစာအုပ်များပေးအပ်ပြီး မြို့နယ်ဥက္ကဋ္ဌက ကျေးရွာစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးအုန်းမြင့်နှင့် စာကြည့်တိုက်မှူး ဒေါ်ဇာဖြူဝင့်တို့သို့ စာအုပ်များကို ပြန်လည်လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဒီဇင်ဘာ ၁၅ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် မိုင်းခတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်တင်က ရှင်းလင်းတင်ပြစဉ်။ (ပြည်နယ်စည်ပင်)

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု မြန်အောင်မြို့ စိန်ကျီးညို ကတ္တရာလမ်းသစ်ဖွင့်

မြန်အောင် ဇန်နဝါရီ ၈

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း စည်ပင်နှင့်ပြည်သူ ပူးပေါင်း၍ ငွေလုံးငွေရင်းလုပ်ငန်းဖြင့် ဆောင်ရွက်သော စိန်ကျီးညို ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက် ၈နာရီက အဆိုပါလမ်းသစ် မုခ်ဦးရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးကြူ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် လမ်းမတည်အလှူရှင် ဒေါ်အေးရင်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆောင်ရွက်

အဆိုပါလမ်းမှာ အလျား ပေ ၈၃၀၊ အကျယ် ရှစ်ပေရှိပြီး မြို့နယ်စည်ပင် ထည့်ဝင်ငွေကျပ် ၂၉၇၀၀၀၀နှင့် ပြည်သူ ထည့်ဝင်ငွေကျပ် ၈၇၆၅၀၀တို့ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကောလင်းမြို့နယ် ကျေးလက်ကျောင်းသို့ ဂျာနယ်များ လှူဒါန်း

ကောလင်း ဇန်နဝါရီ ၆

ကောလင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ကျေးလက်အခြေခံပညာ အလယ်တန်းကျောင်းသို့ ဂျာနယ်များ ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ၁၉ရက်က ကောလင်းမြို့နယ် မင်းချမ်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ မြို့နယ်စာပေနှင့်စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်)က ဂျာနယ်များ ပေးအပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ခင်မို့မို့စာပေနှင့် ကြယ်စင်စာပေတို့က လှူဒါန်းသော ဂျာနယ်စောင်ရေ ၁၀၀ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်လင်းသို့ လွှဲပြောင်း ပေးအပ်ခဲ့သည်။ (၀၃၂)

မော်လူး အထက၌ ပညာရည်ချွန်ဆုချီးမြှင့်

အင်းတော် ဇန်နဝါရီ ၄

စစ်ကိုင်းတိုင်း အင်းတော်မြို့နယ် မော်လူးစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း သရဖီခန်းမဆောင်ကြီး၌ ဒီဇင်ဘာ ၁၂ ရက် နံနက် ၁၁နာရီက မိဘ ဆရာအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ကျင်းပသည်။

ရှေးဦးစွာ သဘာပတိက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးသန်းလှက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ဆုများပေးအပ်

ဆက်လက်၍ တက်ရောက်လာကြသော တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြကာ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများနှင့် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရအောင် သင်ကြားပေးခဲ့ကြသော ဆရာ ဆရာမများကို ဆုများပေးအပ်ကြကြောင်း သိရသည်။ **(ပညာရေး)**

ရပ်စောက်မြို့ ရန်ပြေလမ်းအား ကျောက်လမ်းမှ ကတ္တရာလမ်းအဖြစ် ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၂၄ရက်က ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသစ်ထူးမြင့်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးတင်ဝမ်းမောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)



မိုးကောင်းမြို့၌ အရိပ်ရပင်များ ပြုစုပျိုးထောင်

မိုးကောင်း ဇန်နဝါရီ ၂

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးဝင်းအတွင်းရှိ ပျိုးဥယျာဉ်အမှတ်(၁)၌ မိုးကောင်းမြို့ သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုမည့် ပန်းအလှပင်မျိုးစုံနှင့် အရိပ်ရပင်များ ပြုစုပျိုးထောင်ထားရှိမှု အခြေအနေကို ဒီဇင်ဘာ ၁၉ ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က လိုက်လံရှင်းလင်းတင်ပြသည်။ (၀၀၁)

မင်းတပ်မြို့နယ် ကိုယ့်အားကိုယ်ကိုး စာကြည့် တိုက်များသို့ အဆောက်အအုံ၊ ငွေပဒေသာပင်နှင့် စာအုပ်များလှူဒါန်း

မင်းတပ် ဇန်နဝါရီ ၇

မင်းတပ်မြို့နယ်အတွင်းရှိ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ အဆောက်အအုံ၊ ပရိဘောဂ၊ ငွေပဒေသာပင်နှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ၂၆ ရက် နံနက် ၁၀နာရီခွဲက မင်းတပ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်/သံခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မင်းတပ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းမြင့်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မင်းတပ်ခရိုင် ဦးစီးအရာရှိ ဦးလှမြင့်က ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာသူများက ပဒေသာပင်အတွက် အလှူငွေနှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြသည်။ **(ခရိုင် ပြန်/ဆက်)**

လက်ပံတန်း စစ်မှုထမ်းဟောင်း ထောက်ပံ့ကြေးပေးအပ်၊ ပညာချွန်ဆုပေးအပ်

လက်ပံတန်း ဇန်နဝါရီ ၇

ပဲခူးတိုင်း(အနောက်ပိုင်း) လက်ပံတန်းမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီရုံး၌ ဒီဇင်ဘာ ၂၄ရက်က အသက် ၇၅နှစ်အထက် စစ်မှုထမ်းဟောင်းများနှင့် မသန်စွမ်း စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ကြေးပေးအပ်ပွဲနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သားသမီးများပညာရည်ချွန်ဆုပေးပွဲ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေး ကော်မတီဥက္ကဋ္ဌ ဒုအရာခံဗိုလ်မြင့်ရွှေ (ငြိမ်း)က အမှာစကား ပြောကြားပြီး အတွင်းရေးမှူး ဦးမောင်ဝင်းက ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် သက်ကြီးစစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေဖြင့် ကန်တော့ကာ မသန်စွမ်း စစ်မှုထမ်းဟောင်းများနှင့် ၂၀၀၇-၂၀၀၈တက္ကသိုလ်ဝင်တန်း၌ သုံးဘာသာဂုဏ်ထူးရှင် မဧကရီတို့ကို ထောက်ပံ့ငွေနှင့် ဂုဏ်ပြုငွေကို မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌက ပေးအပ်ကြောင်း သိရသည်။ (၁၇၅)

အမက(၁၂)တာမွေ၌ ၂၀၀၈-၂၀၀၉ပညာသင်နှစ်အတွက် ဘက်စုံထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၅ရက်က ကျင်းပရာ မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲဆု၊ ကျောင်းဘက်စုံထူးချွန်ဆုများ ရရှိသောစတုတ္ထတန်းမှ မသက်ထားဇော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သီသီသိန်းက ဆုချီးမြှင့်စဉ်။ (ပညာရေး)

ပုသိမ်မြို့အထက(၂)၌ စုံညီပွဲတော် ကျင်းပ

ပုသိမ် ဇန်နဝါရီ ၈

ပုသိမ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၉ခုနှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက်က ပညာရွှေရည်ခန်းမ၌ ကျင်းပရာ တိုင်းပညာရေးမှူး ဦးတင်မြင့်(စစ်ဆေးရေး)၊ ဦးမျိုးဆွေ လက်ထောက်တိုင်းပညာရေးမှူးတို့နှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ကျောင်းသားမိဘများနှင့် ဆုရကျောင်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဗဟိုအဆင့်ထူးချွန်ဆုရရှိသူ လေးဦး၊ ကျောင်းတွင်းစာမေးပွဲ ထူးချွန်ဆုရရှိသူ ၆၀၊ ဘက်စုံထူးချွန်ဆုရရှိသူ ၃၈ဦးနှင့် အားကစားထူးချွန်ဆုရရှိသူ ၆၁ဦးတို့အား တာဝန်ရှိသူတို့က ဂုဏ်ပြုဆုချီးမြှင့်ကြပြီး ကျောင်းအုပ်ဆရာကြီး ဦးချစ်လွင်က ကမ္ဘာ့ခုခံအားကျဆင်းမှုရောဂါတိုက်ဖျက်ရေးနေ့ ပိုစတာပြိုင်ပွဲ တိုင်းအဆင့် တတိယရရှိသူ ပဉ္စမတန်းကျောင်းသူလေး မလင်းလက်လွင်အား ထူးချွန်ဆုချီးမြှင့်သည်။ **(အပေါ်ပုံ) (၁၅၇)**

ပဲခူးတိုင်း အုတ်တွင်းမြို့ ဦးဝင်းဖေလမ်း ကတ္တရာခင်း

အုတ်တွင်း ဇန်နဝါရီ ၉

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ဦးဝင်းဖေလမ်း ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၃၀ရက် နံနက်က အဆိုပါမုခ်ဦး၌ ကျင်းပသည်။

ကျေးဇူးတင်စကား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ရှိန်က ကတ္တရာခင်းခြင်း ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ကြက်သွန်ခင်း(၂)ရပ်ကွက် ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် အထိမ်းအမှတ်အလံများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချိုနှင့် တောင်ငူခရိုင်ဥက္ကဋ္ဌ ဦးလှမင်းထွဋ်တို့အားလည်းကောင်း၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းသန့်က မြို့နယ်ဥက္ကဋ္ဌတို့အားလည်းကောင်း လွှဲပြောင်းပေးအပ်သည်။

ဖွင့်လှစ်ပေး

ယင်းနောက် ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် တောင်ငူခရိုင်ဥက္ကဋ္ဌတို့က ဦးဝင်းဖေလမ်း ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

(၁၁၆)

စဉ့်ကူး၌ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်

စဉ့်ကူး ဇန်နဝါရီ ၆

ဒီဇင်ဘာအားကစားလ နောက်ဆုံးပတ်အဖြစ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၇ရက် နံနက် ၅နာရီခွဲက စုရပ်ဖြစ်သော စဉ့်ကူးမြို့ အခြေခံပညာအထက်တန်းကျောင်းရှေ့စုရပ်မှ နှစ်မိုင် လေးဖာလုံရှိ ကြို့ပင်ရွာသစ်ကြီးသွား လမ်းဆုံအထိ အသွားအပြန် စုပေါင်းလမ်းလျှောက်ကြသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဒုတိယရဲမှူး မြင့်လွင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ပြည်သူများ ပါဝင်ဆင်နွှဲကြပြီး တပျော်တပါး စုပေါင်း လမ်းလျှောက်ကြသည်။ **(ယာပုံ)**

(မြို့နယ် ပြန်/ဆက်)

နေပြည်တော် ပျဉ်းမနား...

နေဖြူမြို့နယ် မီးသတ်ဦးစီးဌာနကကြီးမှူး၍ မြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ ထားရှိမှုကို ဒီဇင်ဘာ၅ရက်က နေဖြူမြို့ အမှတ်(၁၁)ရပ်ကွက်နေ ဦးသန်းအေး၏ ဝင်းစန္ဒာဆန်စက်အား မြို့နယ်မီးသတ်တပ်ဖွဲ့မှ မြို့နယ်ဦးစီးမှူး ဦးဝင်းကြည်နှင့်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များလိုက်ပါ၍ ဆန်စက် မီးဘေးကြိုတင် ကာကွယ်ရေးအတွက် ပစ္စည်းသိုလှောင်မှုများကို စစ်ဆေးစဉ်။ (၁၄၇)

ပင်လောင်းမြို့နယ်၌ ပညာဘဏ်တိုက် စာကြည့်တိုက်ဖွင့် စာအုပ်၊ စာစောင်နှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်း

ပင်လောင်း ဇန်နဝါရီ ၅

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လောင်းမြို့နယ် စင်းတောင်းအုပ်စု ရင်းမီးကျေးရွာ ပညာဘဏ်တိုက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံ ဖွင့်လှစ်ပွဲကို ဒီဇင်ဘာ ၂၄ရက် နံနက် ၁၀နာရီက အဆိုပါ ကျေးရွာစာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဒုတိယရဲမှူးအုန်းရွှေ၊ ရပ်မိရပ်ဖ ဦးထွန်းဟန်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရွှေရွှေမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ရေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဒုတိယရဲမှူး အုန်းရွှေက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရွှေရွှေမြင့်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း အကျိုးကျေးဇူး၊ စာပေဖတ်ရှုမှု အလေ့အထကောင်းရရှိရေးနှင့် ရေရှည်ရှင်သန်ဖွံ့ဖြိုးရေး ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဒုတိယရဲမှူးအုန်းရွှေက စာကြည့်တိုက်ငွေပဒေသာပင်ကျပ် ၁၀၀၀၀၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စိုးက ဂျာနယ်မျိုးစုံ စောင်ရေ ၅၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရွှေရွှေမြင့်က သုတ၊ရသ စာအုပ် ၅၀နှင့် ဂျာနယ်မျိုးစုံစောင်ရေ ၅၀၊ စင်းတောင်းအုပ်စု ဥက္ကဋ္ဌ ဦးဝင်းဦးက ငွေပဒေသာပင်ကျပ် ၁၀၀၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ကျေးရွာတာဝန်ရှိသူများက လက်ခံယူကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဘဝအလင်းရောင် စာကြည့်တိုက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

ပြင်ဦးလွင် ဇန်နဝါရီ ၈

ပြင်ဦးလွင်မြို့နယ် နွယ်နင်းကျေးရွာ ဘဝအလင်းရောင် စာကြည့်တိုက်၏ တတိယအကြိမ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ဇန်နဝါရီ ၁ရက် နံနက် ၉နာရီက အဆိုပါကျေးရွာ စာကြည့်တိုက်၌ ကျင်းပသည်။

ဆုပေးအပ်

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြင်ဦးလွင်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဒေါ်ခိုင်ခိုင်သင်းက အဖွင့်အမှာစကားပြောကြားပြီး စာကြည့်တိုက်သုံးနှစ်ပြည့် အထိမ်းအမှတ် စာစီစာကုံးနှင့် ပုံပြောပြိုင်ပွဲတွင် ဆုရရှိသူများကို ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။ (ခရိုင် ပြန်/ဆက်)

(၈၅) ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၂

ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးသို့ ဦးမြင့်စိုး(အင်ပူ) လူမှုထူးချွန်(ပထမဆင့်) **(အပေါ်ပုံ)**သည် ဇန်နဝါရီ ၄ရက် နံနက်ပိုင်းက ရွှေပါရမီ သွေးလှူဒါန်းပွဲ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနတွင် (၈၅)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ကျေးလက်လမ်းလုပ်ငန်းဖြစ်သော ဇီးဖြူကုန်း-ညောင်ကိုင်း ကျေးရွာချင်းဆက် ကျောက်ချောလမ်းဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ ၂၀ရက်က အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူးဦးနီထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ လက်ထောက်အင်ဂျင်နီယာ ဦးအောင်မြင့်သန်းတို့ ကွင်းဆင်းစိစစ်ကြပ်မတ်စဉ်။ (မြို့နယ်စည်ပင်)

စလင်းမြို့ မြောက်မြို့ရိုးလမ်း ကျောက်ချောလမ်းဖွင့်

စလင်း ဇန်နဝါရီ ၅

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် စလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော စလင်းမြို့ မြောက်မြို့ရိုးလမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ရက်က ကျင်းပသည်။

လမ်းသစ်ဖွင့်ပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယရဲမှူး အောင်ငွေကြည်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများတက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယရဲမှူးအောင်ငွေကြည်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် ပေါင်းပင်းဇင်းဥက္ကဋ္ဌ ဦးအောင်ကျော်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ကုန်ကျခံ

အဆိုပါ ကျောက်ချောလမ်းသည် အရှည်ပေ ၁၅၀၀နှင့်အကျယ် ၁၂ပေရှိပြီး ငွေကျပ် ၈၇ဒသမ၉သိန်းဖြင့် အကုန်အကျခံ ဆောင်ရွက်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ကျန်းမာရေး တနိုင်းမြို့၌ အသိပညာပေးဟောပြော

တနိုင်း ဇန်နဝါရီ ၁

တနိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် စားသုံးသူပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်မှုရှိစေရန်နှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဒီဇင်ဘာ ၁၀ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေထွန်းအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းမြတ်သိန်း၊ မြို့နယ်ဆရာဝန် ဒေါက်တာဆိုင်းထွန်းနှင့် မီးသတ်တပ်ခွဲမှူး ဦးပါရကပ်တို့က မြို့ပေါ် စားသောက်ဆိုင်၊ တည်းခိုခန်း၊ စက်သုံးဆီ အရောင်းဆိုင်များအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များ ပြုလုပ်ရောင်းချရန်အတွက် ကျန်းမာရေး အသိပညာပေးဟောပြောပွဲ ကျင်းပပြီး **(အပေါ်ပုံ)** မြို့မဈေးနှင့်ရပ်ကွက်များအတွင်း ကွင်းဆင်း စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ဘု ရင့် နောင် လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်သီဂီအေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၅ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းသန့် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြု

အင်္ဂပူမြို့ ချယ်ရီ(မြောက်)လမ်း ထပ်ပိုးကတ္တရာလမ်းသစ်ဖွင့်

အင်္ဂပူ ဇန်နဝါရီ ၇

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း အင်္ဂပူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပြီးစီးခဲ့သည့် အင်္ဂပူမြို့ အမှတ်(၁)ရပ်ကွက် ချယ်ရီ(မြောက်)လမ်း ထပ်ပိုးကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ၄ရက် နံနက်၈နာရီက အဆိုပါလမ်းသစ်မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် လမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် မြို့မိမြို့ဖ ဦးထွန်းသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆောင်ရွက်

အဆိုပါလမ်းမှာ အရှည်၆၆၃ပေ၊ အကျယ်၁၀ပေ၊ အမြင့်သုံးလက်မရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ရန်ပုံငွေကျပ် ၄၁၁၁သမ၀၇သိန်းဖြင့် အကုန်အကျခံ ဆောင်ရွက်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရှမ်းပြည်နယ်(တောင်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ ညှိနှိုင်းအစည်းအဝေးကျင်းပ

တောင်ကြီး ဇန်နဝါရီ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၆ရက် မွန်းလွဲ ၁နာရီက ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီးတက်ရောက်လာကြသည့် ကြီးကြပ်ရေးကော်မတီဝင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များကလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးကြပြီး ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များနှင့် အသက်၇၅နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းများ ထောက်ပံ့ငွေပေးအပ်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ဆောင်ရွက်မည့်ရက်များကို ဆုံးဖြတ်ညှိနှိုင်းကြသည်။ **(စစ်မှုထမ်းဟောင်းအဖွဲ့)**

စစ်တွေခရိုင် မင်းပြားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေလင်းထွန်းမှ နှမ်းစပါးစိုက် တောင်သူများအား မျိုးသန့်အဆင့်(၁)ဆင်းနှယ်ရင်မျိုးစပါးများကို ဒီဇင်ဘာ ၂၈ရက်က အဝကျေးရွာအုပ်စု နှမ်းစပါးဧက ၅၀စံပြ စိုက်ခင်း၌ ထောက်ပံ့ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးလွင် ဒီဇင်ဘာ၂၆ရက်က မင်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော မင်းတန်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကိုကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဘုန်းမောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်ဝင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ယာဉ်/လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြော

ရပ်စောက် ဇန်နဝါရီ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဒီဇင်ဘာ ၁၃ရက် နံနက်၁၀နာရီခွဲက ရပ်စောက်မြို့နယ် ရတနာသီရိခန်းမ၌ ကျင်းပသည်။

ဟောပြော

ရှေးဦးစွာ ရှမ်းပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနဦးစီးမှူး ဦးကျော်အေးလွင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာအကြောင်း အသိပညာပေး ဟောပြောဆွေးနွေးသည်။

အဆိုပါ ဟောပြောပွဲသို့ ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဦးစီးမှူး ဦးကျော်အေးလွင်၊ မြန်မာ့အာမခံလုပ်ငန်း ပြည်နယ်ဦးစီးမှူး ဦးနေဝင်းနှင့် မော်တော်ယာဉ် ပိုင်ရှင်များ တက်ရောက်ကြသည်။ **(မြို့နယ် ပြန် /ဆက်)**

စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မစည်ပင်သာယာဈေးကြီးအတွင်း လက်ဖက်ရည်ဆိုင် မုန့်ဆိုင်တန်းများ မီးသုံးစွဲမှု စနစ်တကျရှိစေရေးအတွက် အမှုဆောင်အရာရှိ ဦးကျော်ကျော်နှင့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးမိဈေးဖများစုပေါင်း စစ်ဆေးကြပ်မတ်စဉ်။ (မြို့နယ်စည်ပင်)

ကောလင်းမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

ကောလင်း ဇန်နဝါရီ ၁

မီးဘေးကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်မှုသရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ပွဲကို ကောလင်းမြို့ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၆၆၂)တွင် ဒီဇင်ဘာ ၁၈ရက်က ကောလင်းမြို့ကျော်ဇေယျာရပ်ကွက် အဆိုပါ အရောင်းဆိုင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မီးသတ် ဦးစီးမှူးဦးဌေးမြင့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက စက်သုံးဆီအရောင်းဆိုင်မန်နေဂျာ ဦးမန်းမောင်၊ ဆိုင်ဝန်ထမ်းများနှင့် ပူးပေါင်း၍ ပေါင်ဒါမီးသတ်ဆေးဘူးများဖြင့် လက်တွေ့အသုံးပြုမီးငြိမ်းသတ်မှုသရုပ်ပြပွဲကို ကြည့်ရှုကြသည်။ (၀၃၂)

စုပေါင်းလက်ဖက်ပျိုးထောင်ပွဲ မင်းတပ်မြို့၌ ကျင်းပ

မင်းတပ် ဇန်နဝါရီ ၅

ချင်းပြည်နယ်(တောင်ပိုင်း) မင်းတပ်မြို့၌ စုပေါင်းလက်ဖက်ပျိုးထောင်ပွဲကို ဒီဇင်ဘာ၂၆ရက် နံနက်၈နာရီခွဲက မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဝင်းအတွင်း ကျင်းပသည်။

အခမ်းအနားတွင် မင်းတပ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမြင့်က အမှာစကားပြောကြားပြီး လက်ဖက်မျိုးစေ့ပျိုးထောင်ခြင်းနည်းသစ်ကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးဝင်းမြင့်က ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဦးသန်းမြင့်က ခရိုင်အဆင့် ဝန်ထမ်းများကိုယ်စား ခရိုင်ဥပဒေအရာရှိ ဦးခင်မောင်ဝင်းအားလည်းကောင်း၊ မြို့နယ် ဥက္ကဋ္ဌ ဦးမြင့်သိန်းက မြို့နယ်အဆင့်ဝန်ထမ်းများကိုယ်စား မြို့နယ်စာရင်းစစ်အရာရှိဒေါ်အေးကြည်နှင့်မြို့ပေါ်ရပ်ကွက်ကိုယ်စား လှယ်အရှေ့ပြင်ရပ်ကွက် ဥက္ကဋ္ဌအားလည်းကောင်း လက်ဖက်မျိုးစေ့များ ပေးအပ်သည်။ ယင်းနောက် တက်ရောက်လာသူများက ကွင်းအတွင်း နေရာယူကြပြီး စနစ်တကျ ပျိုးထောင်စိုက်ပျိုးကြသည်။

စုပေါင်းလက်ဖက်ပျိုးထောင်ပွဲသို့ ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပြည်တွင်းအခွန်များဦးစီးဌာန ဧရာဝတီတိုင်း အခွန်ဦးစီးဌာနမှူးရုံးက ကြီးမှူးကျင်းပသည့် ပုသိမ်မြို့ပေါ်ရှိ အခွန်ထမ်းပြည်သူများ၊ လုပ်ငန်းရှင်များနှင့် စားသောက်ဆိုင်ပိုင်ရှင်များအား အခွန်အရပ်ရပ်ဆိုင်ရာ ပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၃၀ရက်က ပုသိမ်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ ဧရာဝတီတိုင်း ပြည်တွင်းအခွန်များဦးစီးဌာန တိုင်းအခွန်ဦးစီးဌာနမှူး ဦးဉာဏ်မြင့်ဆွေးနွေးဟောပြောစဉ်။ (ခရိုင် ပြန်/ဆက်)

ကျောက်မဲမြို့နယ်၌ စက်ရေတွင်းဖွင့်

ကျောက်မဲ ဇန်နဝါရီ ၆

ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ခိုမုန်းကျေးရွာစက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၃ရက်က အဆိုပါကျေးရွာ၌ ကျင်းပရာ ခရိုင် ဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး စိန်လွင်နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းကိုကိုတို့က စက်ရေတွင်း၊ ရေစက်ရုံနှင့် ရေကန်တို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြသည်။ **(မြို့နယ်စည်ပင်)**

အခွန်ပညာပေးရှင်းလင်းဟောပြောပွဲကျင်းပ

ဟသ်ာတ ဇန်နဝါရီ ၅

ကုန်သွယ်လုပ်ငန်းခွန် ဥပဒေဆိုင်ရာ ကိစ္စရပ်များ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်(၁၄/၉၃)နှင့် စပ်လျဉ်း၍ လုပ်ငန်းရှင်များ ထားရှိရမည့် စာရင်းစာအုပ်များ၊ စားသောက်ဆိုင်လုပ်ငန်းများမှ ထားရှိရမည့် စာရင်းစာအုပ်များ၊ ပြည်တွင်း၌ ထုတ်လုပ်သည့် ကုန်စည်များအပေါ် အခွန်ထမ်းဆောင်ပြီးသည့် ကုန်စည်ဖြစ်ကြောင်းကို အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချခြင်းနှင့် စပ်လျဉ်း၍ အခွန်ပညာပေးရှင်းလင်းဟောပြောပွဲကို ဟသ်ာတခရိုင် အခွန်ဦးစီးဌာနမှူးရုံးတွင် ဒီဇင်ဘာ ၃၁ရက် နံနက် ၉နာရီခွဲကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်တက်ရောက်၍ ပဏာမပြောကြားပြီး ဟသ်ာတခရိုင် အခွန်ဦးစီးဌာနမှူး ဦးအေကူးမား၊ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးတင်ဝင်း၊ ဦးစီးအရာရှိ ဒေါ်မိမိတို့က အသေးစိတ်ရှင်းလင်း ဟောပြောသည်။ **(မြို့နယ်အခွန်ဦးစီးဌာန)**

ဆိပ်ဖြူမြို့နယ်စည်ပင်သာယာရေးအနောက်ပိုင်းရပ်ကွက် ရတနာလမ်းတိုးချဲ့ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ၂၉ရက်က အမှုဆောင်အရာရှိ ဦးအောင်ဆွေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်အောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မှုခင်းသတင်း

ပလတ်စတစ်ဘူးထဲမှ အဖြူရောင်အမှုန့်ကို ဆားထင်၍ခတ်ကျွေးရာမှ အဆိပ်သင့်သေဆုံး

မိတ္ထီလာ ဇန်နဝါရီ ၆

မိတ္ထီလာမြို့နယ် ကျွန်းဖိုပင်ကျေးရွာမှ ကလေးငယ်တစ်ဦးသည် လမ်းဘေးမှ ကောက်ရသည့်ဘူးတစ်ဘူးကို အိမ်သို့ ယူလာရာမှ မိခင်ဖြစ်သူက ဆားဟုထင်မှတ်၍ ဟင်းထဲထည့်ခတ်စားသုံးရာ ကလေးငယ်တစ်ဦး သေဆုံးခဲ့သည်။

အမှုဖြစ်ပွားပုံမှာ မိတ္ထီလာမြို့ မြောက်ဘက် မန္တလေးလမ်းအထွက် ၁၂မိုင်အကွာ ကျွန်းဖိုပင်ကျေးရွာနေ ဦးကျော်သင်း၏ သမီး မမိုးလှိုင်(၁၂နှစ်)သည် ဇန်နဝါရီ ၄ရက် နံနက်က စက်မှုဇုန် ၁လမ်းနှင့်၂လမ်းအကြား အသားခြောက်စက်ရုံ အနီးမှ အမြင့် ခြောက်လက်မ၊ လုံးပတ်သုံးလက်မခန့် လေးထောင့် ပလတ်စတစ်ဘူးတစ်ဘူးကို တွေ့ရသဖြင့် အိမ်သို့ယူလာခဲ့သည်။

နေအိမ်အရောက်တွင် အစ်မဖြစ်သူ မမိုးနှင့် မမိုးလှိုင်တို့သည် ကောက်ယူလာသည့် ပလတ်စတစ်ဘူးအား အဖုံးဖွင့်ကြည့်ရာ အဖြူရောင်အမှုန့်များတွေ့ရ၍ ဆားဟုထင်ပြီး အိမ်ရှိဆားဘူးအတွင်းသို့ တစ်ဝက်ခန့်ခွဲထည့်ပြီး ကျန်တစ်ဝက်ကို ဖခင်ရှိရာ သပြေဝကျောက်ဆည်ကန်တဲသို့ယူခဲ့ရာ မိခင်ဖြစ်သူ ဒေါ်ဆန်းက ငါးဟင်းချက်ရာတွင် သမီးယူလာသည့် ပလတ်စတစ်ဘူးထဲမှ အမှုန့်များကို ဆားဟုထင်မှတ်၍ ငါးဟင်းအိုးထဲခတ်ထည့်ပြီး ခင်ပွန်းဖြစ်သူ ဦးကျော်သင်းအား ထမင်းကျွေးရာ ဦးကျော်သင်းမှာ ထမင်းဟင်းစားပြီး မူးဝေအော့အန်ခဲ့သည်။

ထို့အတူ ကျွန်းဖိုပင်ရွာရှိ သမီးဖြစ်သူ မမိုးက နှစ်နှစ်အရွယ် ညီမငယ် ကဲကဲအား ထမင်းဆီဆမ်း၍ ဆားဘူးထဲမှ အမှုန့်များဖြူးပြီးထမင်းကျွေးရာ ကဲကဲမှာ မူးဝေအော့အန်ကာ သေဆုံးသွားခဲ့သည်။

ဦးကျော်သင်းကိုလည်း မိတ္ထီလာဆေးရုံသို့ တင်ပို့ခဲ့ရသည်။ အဆိုပါဖြစ်စဉ်ကို အမှတ်(၃)ရဲစခန်းက သေမှုသေခင်း ၁/၂၀၀၉ ဖြင့် အမှုဖွင့်စုံစမ်းစစ်ဆေးလျက်ရှိကြောင်းသိရသည်။ (၀၈၆)

စက်တပ်ဆင်အင်အား ၁၁၁ မဂ္ဂါဝပ်ရှိ သူငွေ့ရေအားလျှပ်စစ် စီမံကိန်း

သံတွဲမြို့ အရှေ့မြောက်ဘက် ၁၂ မိုင်အကွာ သူငွေ့ချောင်းပေါ်၌ တည်ဆောက်လျက်ရှိ စီမံကိန်းပြီးစီးပါက နှစ်စဉ်ဓာတ်အား ကီလိုဝပ်နာရီ ၃၈၆ သန်း ထုတ်လုပ်နိုင်မည်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တမံအုတ်မြစ်၊ စိမ့်ရေတားကွန်ကရစ်နံရံ တည်ဆောက်မှုလုပ်ငန်းသုံး စက်ယန္တရား (Trench Cutter) အား Guide Wall ပေါ်တွင် နေရာချထားပြီး မြေတူးခြင်းလုပ်ငန်း စတင်ဆောင်ရွက်ပုံ အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၂

ရခိုင်ပြည်နယ် အမ်းမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇန်နဝါရီ ၁၁ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရဟတ်ယာဉ်များဖြင့် အမ်းမြို့မှ သံတွဲမြို့၏ အရှေ့မြောက်ဘက် ၁၂မိုင်အကွာ သူငွေ့ချောင်းပေါ်၌ တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသော သူငွေ့ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ✻

ပစိဖိတ်သမုဒ္ဒရာအောက်မှ မျက်မှန်ပါရှိသည့် ထူးခြားသော ငါးမျိုးစိတ်

ဘာသာပြန်သတင်းမှတ်စု - မောင်မောင်မြင့်ဆွေ
စာမျက်နှာဖွဲ့စည်းမှု - သန်းဇော် (မြန်မာ့အလင်း)

ဘာလင် ဇန်နဝါရီ ၁၂

ပင်လယ်နှင့် သမုဒ္ဒရာအတွင်း ရှင်သန်ကျက်စားလျက်ရှိသော ငါးအမျိုးအစား များစွာရှိသည့်အနက် ထူးခြားဆန်းကြယ်သည့် ငါးမျိုးစိတ်များလည်းရှိရာ မျက်လုံးနှစ်လုံးရှေ့တွင် အလိုအလျောက် မျက်မှန်ပါရှိသော ငါးမျိုးစိတ်တစ်မျိုးကို ဂျာမနီနိုင်ငံမှ အဏ္ဏဝါဇေဒ သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြသည်။

မှတ်တမ်းတင်

ဂျာမနီနိုင်ငံ ဘရစ်စတိုလ်တက္ကသိုလ်မှ ပါမောက္ခဂျူလီယန် ပက်ထရစ် ဦးဆောင်သော အဏ္ဏဝါသုတေသနပညာရှင်အဖွဲ့က ပစိဖိတ်သမုဒ္ဒရာရေအောက်၌ ရှင်သန်သွားလာ ကျက်စားနေသည့် အညိုရောင်ရှည်မျောမျောပါးစပ်ရှိသည့် ထူးဆန်းသော ငါးမျိုးစိတ်တစ်ကောင်ကို ရှာဖွေတွေ့ရှိခဲ့ရာ ရေအောက်၌ ရိုက်ကူးနိုင်သော ကင်မရာဖြင့် အနီးကပ် ရိုက်ကူးမှတ်တမ်းတင်နိုင်ခဲ့သည်။

မှန်ဖြင့်ဖုံးအုပ်ထား

အသေးစိတ် သုတေသနပြုချက်အရ အဆိုပါငါးသည် အရှည် ၁၀ လက်မခန့်ရှိပြီး ခန္ဓာကိုယ်တစ်ခုလုံး မှန်သားပြင်ကဲ့သို့ ကြည်လင်ကာ



ပစိဖိတ်သမုဒ္ဒရာအောက်မှ မျက်မှန်တပ်ထားသော ငါးမျိုးစိတ်ကို ဤသို့ ထူးခြားစွာ တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

ဘေးတစ်ဖက်တစ်ချက်သို့ ကြည့်၍ရလုနီးပါး မြင်တွေ့ရသည်။ တစ်နည်းအားဖြင့် ခန္ဓာကိုယ်တစ်ခုလုံး မှန်ဖြင့်ဖုံးအုပ်ထားသကဲ့သို့ ရှိနေသည်။

ပါဝင်

ခန္ဓာကိုယ်အရွယ်အစား သေးငယ်ပြီး အညိုရောင်၊ လိမ္မော်ရောင်နှင့် အခြားအရောင်စပ်လေးမျိုးခန့် ရောပြွမ်းနေသည့် အရောင်များကို တွေ့ရသည်။ ရေယက်နှစ်ခုမှာ *စာမျက်နှာ ၁၀ ကော်လံ ၁* ■

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

13-1 (20).pmd 1 1/13/2009, 2:36 AM